မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထူထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်၊ ၂၀၀၉ ခုနှစ်၊ ဧပြီ ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၈)၊ အမှတ်(၂၀၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံဆေးရုံကြီးတွင် ကြည့်ရှုစစ်ဆေး

လူနာများအား ကောင်းမွန်စွာ ဆက်ဆံပြီး ဆွေမျိုးမိသားစုများသဖွယ် ပြုစုစောင့်ရှောက်
ပြည်သူများ ကျန်းမာရေးအဆင့်အတန်းမြင့်မားရန် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်
ကျန်းမာရေးအသိပညာပေးပြီး ရောဂါကာကွယ်နည်းများ သင်ကြားပေးရေး မှာကြား

နေပြည်တော် ဧပြီ ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဧပြီ ၂၇ ရက် နံနက် ၈ နာရီတွင် ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြီး၏ မည်သည့်ဒေသတွင် နေထိုင်သည်ဖြစ်စေ ပြည်ထောင်စုစိတ်ဓာတ်ကိုမွေးမြူ
ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်ဟု ခံယူ
ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းတည်ဆောက်

နေပြည်တော် ဧပြီ ၂၈

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့နံနက် ၇ နာရီ ၄၅ မိနစ်တွင် ကျိုင်းတုံမြို့ရှိ နောင်တုံကန်၏ သန့်ရှင်းသာယာလှပမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျိုင်းတုံမြို့ သာသနာ့ဗိမာန်တော်ကြီးတွင် ကျိုင်းတုံမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ ပဓာနနာယက ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးအစရှိသော လှူဖွယ်ဝတ္ထု ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

29-4 (01).pmd 1 4/29/2009, 2:20 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဧပြီ ၂၉ ရက်)

ကမ္ဘာ့လူတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီး အမျိုးသားရေးတာဝန်အဖြစ် ဝိုင်းဝန်းပါဝင်လက်တွဲ

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါအတွက် ကြိုတင်ပြင်ဆင်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ဧပြီလ၂၇ရက်နေ့က နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ကမ္ဘာပေါ်၌ ၂၀၀၃ ခုနှစ်က ဖြစ်ပွားခဲ့သော ဆားစ်ရောဂါကို မြန်မာနိုင်ငံအတွင်းသို့ ကူးစက်ဝင်ရောက်နိုင်ခြင်းမရှိရန်၊ တစ်ဦးတစ်ယောက်မျှ မဖြစ်ပွားရန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ မဖြစ်ပွားစေရေးအတွက် နိုင်ငံတကာအဆင့် ပြုလုပ်သည့် ဝန်ကြီးအဆင့်အစည်းအဝေးသို့ (၆)ကြိမ်တက်ရောက်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ရောဂါကာကွယ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ မက္ကဆီကိုနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ နယူးဇီလန်နိုင်ငံနှင့် ကနေဒါနိုင်ငံတို့၌ ဝက်တုပ်ကွေးရောဂါများ ဖြစ်ပွားလျက်ရှိရာ ရောဂါကူးစက်မှုရှိသဖြင့် အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်။

ယခုဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါသည် ရောဂါရှိသောဝက်နှင့်ထိတွေ့သူများကို ကူးစက်ရုံမျှသာမက လူလူချင်းကူးစက်မှုဖြစ်ပွားသည်ကိုလည်း တွေ့ရသည်။ ယခုဖြစ်ပေါ်လာသော ဗိုင်းရပ်စ်သည် မျိုးရိုးဗီဇ(၄)မျိုးပေါင်းစပ်၍ဖြစ်ပေါ်လာသည့် ဗိုင်းရပ်စ်ပိုးအသစ်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ရောဂါကာကွယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအတွင်း ကူးစက်ရောဂါများ ဝင်ရောက်လာနိုင်သည့် ဝင်ပေါက်များဖြစ်သော လေဆိပ်များ၊ ဆိပ်ကမ်းများနှင့် နယ်စပ်များမှ ရောဂါဝင်ရောက်ခြင်းမပြုနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ သံသယရှိသောလူနာများကို သက်ဆိုင်ရာ သတ်မှတ်ဆေးရုံများ၌ စောင့်ကြပ်ကြည့်ရှုရန် စီစဉ်ဆောင်ရွက်ထားပြီး ထိရောက်စွာကုသနိုင်ရန်လည်း ဆေးဝါးများဖြည့်ဆည်းထားပြီး ဖြစ်ပေသည်။

မြန်မာနိုင်ငံအတွင်း ရောဂါရှာဖွေဖော်ထုတ်နိုင်ရန် ဓာတ်ခွဲခန်းများကို အဆင့်မြှင့်ထားပြီး ပြည်သူလူထုသို့ မကူးစက်နိုင်ရန် နှိုးဆော်ချက်များ ထုတ်ပြန်ထားရှိသည်။

သို့ဖြစ်ပေရာ ကမ္ဘာ့နိုင်ငံအချို့၌ ဖြစ်ပေါ်နေသော ဝက်တုပ်ကွေးရောဂါ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခြင်း မပြုနိုင်ရန်အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို တိုင်းရင်းသားပြည်သူများအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် နိုင်ငံတော်နှင့်အတူ လက်တွဲပါဝင်တားဆီးသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၄-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅:၁၅	MRTV-4 နံနက်ခင်းသတင်း
၆:၀၀	**ဒုက္ခသဝိပရိဏာမဌေ** တရားတော် ဆရာတော်ဘဒ္ဒန္တသောဘန
၇:၀၀	ရတနာသိုက်ရှာပုံတော်(အပိုင်း-၁၉)
၇:၃၀	TOM & JEERY
၈:၀၀	MRTV-4 နံနက်ခင်းသတင်း
၈:၄၅	Industrial Talk
၉:၁၅	Myanmar Video Rhythm
၉:၄၅	တေးဂီတအစီအစဉ်
၁၀:၀၀	ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Juno Floral Service & Gift Shop)
၁၀:၁၀	တို့ကမ္ဘာမြေသာယာဖို့ ကြွပ်ကြွပ်အိတ်ကို ငြင်းပယ်စို့
၁၀:၂၅	အလှမှာအယဉ်ဆင့် အမြင်ဆန်းသည့်အထည်
၁၀:၅၀	Hotel Guide (Kandawgyi Palace Hotel)
၁၁:၁၀	စားချင်စဖွယ် နည်းအသွယ်သွယ် ရသာထူးခြား ပီဇာအစားအစာများ (အပိုင်း-၂)
၁၁:၃၀	စက်မှုလယ်ယာကြိုးပမ်းမှုပါ (Head Feed Type Combine Harvester)
၁၁:၅၅	ဆန်းသစ်အလှတိုး ရွှေချည်ထိုး
၁၂:၂၀	လှုပ်ရှားစုံစုံ မြန်မာ့သုခမဇာတ်ခုံ ဖိုးချစ် (အပိုင်း-၂)
၁၂:၅၀	မြန်မာ့ 'အိုး'
၁:၀၀	**ဒုက္ခသဝိပရိဏာမဌေ** တရားတော် ဆရာတော်ဘဒ္ဒန္တသောဘန
၁:၅၅	ရှေးဟောင်းနယ်မြေတစ်ခု၏ သာသနာ့အလင်းရောင်
၂:၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၂:၂၅	စိုပြည်စိမ်းလန်း တောင်ကုန်းထက်မှခရီးသွားစခန်း
၂:၅၀	Dancer Revision (Life & Dance)
၃:၁၅	ရေဆေးနည်းပညာသစ်ဆန်း၊ သစ်သားပေါ်လစ်ဆေးအစွမ်း
၃:၃၀	The Sand is a Predator(Part- 1)
၃:၄၅	တို့ကမ္ဘာမြေသာယာဖို့ ကြွပ်ကြွပ်အိတ်ကို ငြင်းပယ်စို့
၄:၀၀	စိမ်းစိမ်းစိုစိုဆေးဖက်ဝင်လှသကို
၄:၂၀	သူတို့ပြောတဲ့သူတို့အကြောင်း (ဦးဗေဒါ)
၄:၅၅	ကျန်ရစ်ခဲ့သော ခြင်ထောင်လေး တစ်လုံး ဖိုးသောကြာ၊ အိုင်းရစ်လေပြေဦး၊ ဒေါ်ခင်လေးဆွေ (ဒါရိုက်တာ-အကယ်ဒမီဆွေဇင်ထိုက်)
၅:၀၅	ငှက်ဖျားတိုက်ဖျက်ရေးအကြောင်း သိကောင်းစရာ (ပါမောက္ခဒေါက်တာချစ်စိုး၊ ဒေါက်တာခိုင်ခိုင်ရှိန်)
၅:၃၀	ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Juno Floral Service & Gift Shop)
၅:၄၀	တေးဂီတအစီအစဉ်
၆:၀၀	MRTV-4 ညနေခင်းသတင်း
၆:၁၅	Myanmar Video Rhythm
၆:၄၀	စားချင်စဖွယ် နည်းအသွယ်သွယ် ရသာထူးခြား ပီဇာအစားအစာများ (အပိုင်း-၂)
၇:၀၀	Hotel Guide (Kandawgyi Palace Hotel)
၇:၃၀	Dancer Revision (Life & Dance)
၇:၅၀	မြန်မာ့ 'အိုး'
၈:၀၀	MRTV - 4 သတင်း
၈:၁၅	လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ ဖိုးချစ် (အပိုင်း-၂)
၈:၅၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၁၅	The Sand is a Predator(Part- 1)
၉:၃၀	ရတနာသိုက်ရှာပုံတော်(အပိုင်း-၁၉)
၁၀:၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁၁:၄၅	သူတို့ပြောတဲ့သူတို့အကြောင်း (ဦးဗေဒါ)
၁၂:၃၀	ဆန်းသစ်အလှတိုးရွှေချည်ထိုး
၁၂:၅၀	ရှေးဟောင်းနယ်မြေတစ်ခု၏ သာသနာ့အလင်းရောင်
၁:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့်ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champions League Semi-Final First League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၀၀	Man Utd- Arsenal	ESPN(Live)

မြဝတီရုပ်မြင်သံကြား

၂၉-၄-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄:၂၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၀	၆။	မျိုးချစ်တပ်မတော်
၅:၀၀	၇။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၁၅	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၂၀	၉။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၅၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၃၀	၁၄။	လျှပ်တစ်ပြက်
၆:၄၅	၁၅။	ကာတွန်းအစီအစဉ် **ပိုးကောင်ကလေးများရဲ့အတွေး** (အပိုင်း-၁၃)
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော့်ချစ်သူ** (အပိုင်း-၂၈)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဖြေလိုက်ပါ
	၂၁။	ICT သုတ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တရားရှင်နှင့် ကျွန်ကျောင်း** (အပိုင်း-၃)

စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၈

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဧပြီ ၂၅ရက် ညနေပိုင်းက တောင်သာမြို့နယ် တောင်လယ်ကန်ကျေးရွာသို့ ရောက်ရှိပြီး တောင်လယ်ကန်၊ ကျားမတွင်း၊ တွင်းဖျား၊ ချောင်းခွနှင့် မုံရိုးကျေးရွာတို့ရှိ ကျေးလက်နေပြည်သူများနှင့် တွေ့ဆုံ၍ ပညာရေး၊ သောက်သုံးရေရရှိရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဒေသခံများတွေ့ဆုံ

ဝန်ကြီးသည် ညပိုင်းတွင် တောင်သာမြို့နယ် ဆင်သေကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တက်ရောက်

ယင်းနောက် ဝန်ကြီးသည် တောင်သာမြို့နယ် သပွတ်စုကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုံနှိပ်ပိုင်းဆိုင်ရာဝန်ထမ်းများ စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းခွင်သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပုံနှိပ်ပိုင်းဆိုင်ရာ ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းခွင်သင်တန်း (၁/၂၀၀၉) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဗဟိုပုံနှိပ်စက်ရုံ စုဝေးခန်းမ၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း တက်ရောက် အမှာစကားပြောကြားသည်။ (ယာပုံ)

တက်ရောက်

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနများမှ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၁၃၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်း မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၉)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် 'မေတ္တာစမ်းရေ' ဆေးခန်းဖွင့်ပွဲ အခမ်းအနားတွင် 'မေတ္တာစမ်းရေ' ဆေးခန်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဂုဏ်ပြုကြိုဆို 'မေတ္တာစမ်းရေ' ဆေးခန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၂၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် 'မေတ္တာစမ်းရေ' ဆေးခန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးဝင်းအတွင်းရှိ အဆိုပါဆေးခန်းအဆောက်အအုံ၏ ဥပစာ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်း၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများ၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းအောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆေးခန်းတာဝန်ခံ ဆရာဝန်၊ ဆရာမများနှင့် ဝန်ထမ်းများတက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက 'မေတ္တာစမ်းရေ' ဆေးခန်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အနီးပိတ်များပေးအပ်

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းနှင့် ဒုတိယဥက္ကဋ္ဌဒေါ်အေးအေးတို့က မေတ္တာစမ်းရေဆေးခန်းဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆား၊ အားဆေးနှင့် အနီးပိတ်များကို ပေးအပ်ကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းနှင့် ဧည့်သည်တော်များသည် 'မေတ္တာစမ်းရေ' ဆေးခန်းအတွင်း လှည့်လည်ကြည့်ရှုကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းနှင့် ဧည့်သည်တော်များ မေတ္တာစမ်းရေဆေးခန်းအတွင်း ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၉)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်သည့် 'မေတ္တာစမ်းရေ' ဆေးခန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ဝက်တုပ်ကွေးရောဂါဖြင့် သေဆုံးသူ ၁၅၂ဦးအထိရှိပြီ ကမ္ဘာတစ်ဝန်းရောဂါမပျံ့ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတိပေး

ပေကျင်း ဧပြီ ၂၈

မက္ကဆီကိုနိုင်ငံနှင့် ဥရောပနိုင်ငံများ၌ ဝက်တုပ်ကွေးရောဂါ ဆိုးရွားစွာဖြစ်ပေါ်နေချိန်တွင် ကမ္ဘာတစ်ဝန်းသို့ ကူးစက်ပျံ့နှံ့မည်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးထားကြောင်း ဧပြီ ၂၈ရက်က သတင်းထုတ်ပြန်သည်။

၁၅၂ ဦး

မက္ကဆီကိုနိုင်ငံတွင် ဝက်တုပ်ကွေးရောဂါကူးစက်သူပေါင်း ၁၉၉၅ဦးရှိရာ ၇၇၆ဦးမှာ အခြေအနေဆိုးရွားလျက်ရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူဦးရေမှာ ယခုခါ ၁၅၂ ဦးအထိတိုးလာပြီဖြစ်သည်။ ထို့အပြင် ဝက်တုပ်ကွေးရောဂါဖြစ်ခြင်းကို အတည်ပြုသော သို့မဟုတ် ထိုရောဂါဖြစ်သည်ဟု သင်္ကာမကင်းဖြစ်သော နိုင်ငံပေါင်းမှာ လည်း မက္ကဆီကို၊ အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျ သာမကတော့ဘဲ အစ္စရေး၊ နယူးဇီလန်၊ တောင်ကိုရီးယား၊ ဗြိတိန်၊ စပိန်၊ ပြင်သစ်၊ ဒိန်းမတ်၊ ဆွီဒင်၊ ဂရိ၊ ချက်သမ္မတနိုင်ငံ၊ ဂျာမနီ၊ အီတလီ၊ ဩစတြီးယား၊ အိုင်ယာလန်နှင့် ထိုင်းစသည့် နိုင်ငံများပါ ပါဝင်လာသည်။

နှစ်ဆတိုး

အမေရိကန်နိုင်ငံ၌ ဝက်တုပ်ကွေး ရောဂါဖြစ်ပွားသူဦးရေမှာ နှစ်ဆကျော်တိုးကာ ၅၀အထိရှိလာသည်။ အမေရိကန်နိုင်ငံတစ်ဝန်း၌လည်း ယင်းရောဂါကာကွယ်မှုတစ်ရပ်အဖြစ် မူလတန်းအဆင့်မှ တက္ကသိုလ်အဆင့်အထိ ကျောင်းအားလုံးကို မေ၆ရက်အထိ ပိတ်ကြောင်း အာဏာပိုင်အဖွဲ့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အမေရိကန်နိုင်ငံ၌ သီးသန့်သိုမှီးထားသည့် ဝက်တုပ်ကွေးရောဂါကာကွယ်ဆေးများ၏ ၂၅ရာခိုင်နှုန်းကို အဆိုပါရောဂါပိုးတွေ့ရှိရသည့် ပြည်နယ်ငါးခုဖြစ်သည့် နယူးယောက်၊ အိုဟိုင်းယိုး၊ ကန်ဆပ်၊ တက္ကဆက်နှင့် ကယ်လီဖိုးနီးယားပြည်နယ်များ၌ ဖြန့်ဝေလျက်ရှိကြောင်း ကျန်းမာရေးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ကနေဒါနိုင်ငံ၌ ဝက်တုပ်ကွေးဖြစ်သူ ခြောက်ဦးရှိပြီး အစ္စရေးတွင် တစ်ဦးနှင့် နယူးဇီလန်တွင် ၁၁ဦး၊ တောင်ကိုရီးယား၌ တစ်ဦး ယင်းရောဂါဖြစ်ပွားကြောင်း အတည်ပြုနိုင်သည်။ စပိန်နိုင်ငံ၌ ၁၈ဦး၊ စကော့တလန်၌နှစ်ဦး ရောဂါဖြစ်ပွားသည်။

ထိုရောဂါနှင့်ပတ်သက်၍ ဩစတြေးလျနိုင်ငံ၌ စောင့်ကြည့်လေ့လာရသူ လူ၇၀အထိရှိပြီး ဆွီဒင်နှင့် ဆွစ်ဇာလန်နိုင်ငံတို့တွင် ငါးဦးစီရှိကာ ပြင်သစ်၌ တစ်ဦး၊ အီတလီ၌ တစ်ဦး၊ ထိုင်း၌ တစ်ဦး၊ ဂျာမဏီ၌ သုံးဦး၊ ဩစတြီးယား၌ တစ်ဦး အသီးသီးရှိကြသည်။

နှိုးဆော်

မက္ကဆီကိုနိုင်ငံအတွင်း ဝက်တုပ်ကွေး ရောဂါဖြစ်ပွားပြီး သေဆုံးသူဦးရေတိုးလာပြီး ဤကာလအတောအတွင်း မက္ကဆီကိုနှင့် အမေရိကန်နှစ်နိုင်ငံတွင် ရောဂါဖြစ်သူ ဦးရေမှာလည်း နှစ်ဆခန့်တိုးလာမှုကြောင့် စိုးရိမ်စရာဖြစ်လာသည်။ ထို့ကြောင့်လည်း အများပြည်သူတို့ သတိထားရမည့် နှိုးဆော်ရေးအဆင့်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)က ယနေ့ပင် အဆင့်(၄)သို့ တိုးမြှင့်လိုက်သည်။

ကမ္ဘာ့နိုင်ငံများကလည်း ဝက်တုပ်ကွေးရောဂါပျံ့နှံ့မှု၊ ရောဂါအတိုင်းအတာကို မျက်ခြည်မပြတ်စောင့်ကြည့်နေပြီး အစီအစဉ်များ ကြိုတင်ချမှတ်ထားကြသည်။

ရောဂါလက္ခဏာ

ဝက်တုပ်ကွေးရောဂါသည် ဝက်များ တွင်ဖြစ်တတ်သည့် တုပ်ကွေးရောဂါ တစ်မျိုးပင်ဖြစ်သည်ဟု ပညာရှင်များက ပြောကြားသည်။ သို့သော် လူတွင်ဖြစ်ပွားပြီး လူလူချင်းကူးစက်သည့်လက္ခဏာကြောင့် အာရုံစိုက်နေရခြင်းဖြစ်သည်။ ဝက်တုပ် ကွေးရောဂါလက္ခဏာမှာ သာမန်ဆောင်းရာသီတုပ်ကွေးနှင့် အလားသဏ္ဌာန်တူသည်။ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ ခေါင်းခဲခြင်း၊ နွမ်းနယ်ပြီးကြွက်သားများ ကိုက်ခဲခြင်းစသည့် လက္ခဏာတစ်ခု သို့ မဟုတ် တစ်ခုမကဖြစ်ခြင်းနှင့်အတူ ဖျားနာတတ်သည်။ အချို့လူများမှာ မည်သည့်အစားအစာ စားစား ခံတွင်းမတွေ့ဖြစ်တတ်သည်။ ထို့အပြင် အချို့မှာ အော့အန်ခြင်း၊ ဝမ်းလျှောခြင်းများ ကြုံရတတ်သည်ဟု ဆိုသည်။ **(အင်တာနက်)**

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း ဒန်ပါဆာမြို့ရှိ နဂါရာရီအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာသည့် ခရီးသည်များအား ဝက်တုပ်ကွေးရောဂါ စစ်ဆေးရေးကိရိယာများဖြင့် ကြည့်ရှုစောင့်ကြပ်မှုများ ပြုလုပ်လျက်ရှိသည်ကို ဧပြီ ၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)



ကုန်စည်ပြပွဲအဆောက်အအုံ

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ၂၀၁၀ပြည့်နှစ် ရှန်ဟိုင်းကုန်စည်ပြပွဲကျင်းပရန် အဆောက်အအုံ တည်ဆောက်မှုလုပ်ငန်းခွင်ကို ဧပြီ ၂၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဂျော်ဂျီယာတွင် ရုပ်မြင်သံကြား စတူဒီယိုခန်းပြိုကျ နှစ်ဦးသေဆုံး

တီဘီလီစီ ဧပြီ ၂၈

ဂျော်ဂျီယာရုပ်မြင်သံကြား အနုပညာရှင်များဖျော်ဖြေသည့် အထပ်ငါးထပ်ရှိ စတူဒီယိုခန်းသည် ဧပြီ ၂၆ရက် စောစောပိုင်းက ပြိုကျခဲ့သဖြင့် နှစ်ဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြောကြား

ယင်းအဆောက်အအုံသည် ဆိုဗီယက်ခေတ်က တီဘီလီစီမြို့တော်တွင် တည်ဆောက်ခဲ့သည့် အဆောက်အအုံဖြစ်ပြီး ပြိုကျစဉ်တွင် ဖျော်ဖြေသူများနှင့် စက်မှုပညာရှင်ဝန်ထမ်းများ အပါအဝင် ၁၄ဦးတို့ ရှိနေကြသည်ဟု ရဲတပ်ဖွဲ့ကပြောကြားသည်။

အထောက်အကူပြု ဝန်ထမ်းနှစ်ဦး သေဆုံးပြီး အခြားနှစ်ဦးဒဏ်ရာရရှိကြောင်း၊ စတူဒီယိုခန်းပြိုကျသည့် အကြောင်းရင်းကို မသိရှိရသေးကြောင်း ရဲတပ်ဖွဲ့က ထပ်လောင်း ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

နီပေါနိုင်ငံ အနောက်ပိုင်း၌ တောမီးလောင် သစ်တောဟက်တာ ၇၂၀၀၀ကျော်ဆုံးရှုံး

ခတ္တမန္ဒူ ဧပြီ ၂၈

နီပေါနိုင်ငံ၌ မကြာမီရက်များအတွင်းက နေရာအနှံ့ တောမီးလောင်သည့်အတွက် အသေအပျောက်ရှိသည့်အပြင် သစ်တောဟက်တာပေါင်း သောင်းချီ၍ ပျက်စီးသွားသည်ဟု နီပေါမီဒီယာများက ဧပြီ ၂၇ရက်တွင် ဖော်ပြသည်။

နီပေါနိုင်ငံအနောက်ပိုင်း ၁၃ခရိုင်မှ သစ်တော ဟက်တာပေါင်း ၇၂၀၀၀ကျော် တောမီးလောင်ဆုံးရှုံးရကြောင်း သစ်တောဌာနတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ငါးဦးသေဆုံး

တောမီးလောင်ကျွမ်းမှုကြောင့် ခတ္တမန္ဒူမြို့တော်အနောက်ဘက် ကီလိုမီတာ ၂၀၀ခန့်အကွာ ဂူလ်မီခရိုင်တွင် ဧပြီ ၂၅ရက်က ငါးဦးသေဆုံးခဲ့သည်။

ဝေဖန်ပြောကြား

နီပေါနိုင်ငံ၌ လနှင့်ချီ၍ ဆက်တိုက်မိုးခေါင်ပြီး လေပြင်းတိုက်လာသဖြင့် တောမီးလောင်မှုအခြေအနေ ပိုမိုဆိုးရွားသွားစေသည်ဟု သစ်တောဌာနအရာရှိ ကျွိုင်ရာလာက ဝေဖန်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တူရကီနှင့်ဆီးရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မည်

အစ္စတန်ဘူလ် ဧပြီ ၂၈

တူရကီနှင့် ဆီးရီးယားနှစ်နိုင်ငံ ပထမဆုံး ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်ကြမည်ဖြစ်ကြောင်း တူရကီစစ်ဘက် ကြေညာချက်တွင် ဧပြီ၂၆ရက်က ဖော်ပြပါရှိသည်။

ပူးပေါင်းဆောင်ရွက်

နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှု၏ ရည်ရွယ်ချက်မှာနှစ်နိုင်ငံတပ်မတော်အကြား ချစ်ကြည်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် ယုံကြည်မှုခိုင်မာစေရေးပင်ဖြစ်ကြောင်းတူရကီစစ်ဘက်ကြေညာချက်၌ ဖော်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်နိုင်ငံ ဟူဘေးပြည်နယ် ဝူဖိုင်မြို့တွင် ဘတ်စ်ကားတိမ်းမှောက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဧပြီ ၂၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်နိုင်ငံ မေရီလင်းပြည်နယ် ပရိုက်စ်မြို့မှ အောင်မြင်စွာလွှတ်တင်လိုက်သည့် စေတန်-ဗွီအမည်ရှိ ဒုံးပျံကို ဧပြီ ၂၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်၌ ဘတ်စ်ကားမှောက် ခြောက်ဦးသေဆုံး

ပေကျင်း ဧပြီ ၂၈

တရုတ်နိုင်ငံ ဟူဘေးပြည်နယ် ဝူဖိုင်မြို့တွင် ခရီးသည်တင်ဘတ်စ်ကား တိမ်းမှောက်မှု ဖြစ်ပွားခဲ့ရာ ခြောက်ဦးသေဆုံးပြီး ၂၈ဦးဒဏ်ရာရရှိသွားကြောင်း ဒေသတွင်း အာဏာပိုင်များက ပြောကြားသည်။

တိမ်းမှောက်

ခရီးသည်တင်ဘတ်စ်ကားမှာ တောင်ကုန်း တောင်တန်းထူထပ်ရာ ဝူဖိုင်မြို့ရှိ လမ်းမပေါ်တွင် ရပ်ထားသည့် စိုက်ပျိုးရေးယာဉ်တစ်စီးအား တိုက်မိပြီးနောက် တိမ်းမှောက်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၄၂၇၈ ဦးရှိပြီ

ဘဂ္ဂဒက် ဧပြီ ၂၈

အီရတ်နိုင်ငံ မြောက်ပိုင်းတွင် သောင်းကျန်းသူများက အမေရိကန်ကင်းလှည့်ယာဉ်တစ်စီးအား တိုက်ခိုက်ခဲ့ရာ အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း အမေရိကန်စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

၎င်းတပ်ဖွဲ့ဝင်သည် နိုင်ငံစုံမြောက်ပိုင်း တပ်မမှတပ်ဖွဲ့ဝင်ဖြစ်ပြီး ၎င်း၏ကင်းလှည့်ယာဉ်မှာ ရေနံထွက်ရာကယ်ကွတ်မြို့၌ တိုက်ခိုက်ခံရပြီးနောက် ရရှိသည့်ဒဏ်ရာဖြင့် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

ဖော်ပြ

အီရတ်နိုင်ငံအတွင်း ၂၀၀၃ခုနှစ် မတ်လက အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်များ ဝင်ရောက်ကျူးကျော်ပြီးနောက် အီရတ်တွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ဖော်ပြပါတပ်ဖွဲ့ဝင်နှင့်ဆိုပါက ၄၂၇၈ဦးရှိသွားပြီဟု ပင်တဂွန်စစ်ဌာနချုပ်၏ စာရင်းဇယားများကို အခြေခံပြီး မီဒီယာများက ဖော်ပြသည်။ အမ်အင်န်အေ၊ဆင်ဟွာ

နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော် အထိမ်းအမှတ် ပန်းပု၊ ပန်းချီ ဓာတ်ပုံပြိုင်ပွဲ ဆုပေးပွဲနှင့် ပွဲတော်အောင်မြင်မှု ဂုဏ်ပြုချီးမြှင့်ခြင်းကျင်းပ

ရန်ကုန် ဧပြီ ၂၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် ဆရာစံလမ်းထောင့်ရှိ ဆရာစံပလာဇာ၌ သမဝါယမဝန်ကြီးဌာနနှင့် ဗဟိုသမဝါယမအသင်းလီမိတက်တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျင်းပခဲ့သော နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော် အထိမ်းအမှတ် ပန်းပု၊ ပန်းချီ၊ ဓာတ်ပုံပြိုင်ပွဲ၊ ဆုပေးပွဲနှင့် ပွဲတော်အောင်မြင်မှု ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများကိုပေးအပ်ချီးမြှင့်သည်။

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် လိုက်ပါလျက် ညနေ၆နာရီတွင် ဆရာစံပလာဇာသို့ ရောက်ရှိပြီး ရှေးဦးစွာ ဆရာစံပလာဇာ ပထမထပ်ရှိ ပျူ၊ ပုဂံ၊ အင်းဝ၊ ပင်းယ၊ တောင်ငူနှင့် ကုန်းဘောင်ခေတ် မြန်မာ့ယဉ်ကျေးမှု သရုပ်ဖော်ပန်းပုရုပ်တုများနှင့် ပန်းချီကားများ၊ ဒုတိယထပ်ရှိ တရုတ်နှင့် ဥရောပလက်မှု ပညာပုံစံ ပန်းပုရုပ်တုများ၊ ပန်းချီကားများနှင့် ပရိဘောဂများ၊ တတိယထပ်ရှိ ပြိုင်ပွဲဝင်ဆုရ ပန်းပုရုပ်တုများ၊ ပန်းချီကားများနှင့် ဓာတ်ပုံများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

အမှာစကားပြောကြား

ထို့နောက် ဆုပေးပွဲနှင့် ပွဲတော်အောင်မြင်မှု ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ပန်းပု၊ ပန်းချီနှင့် ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော် အထိမ်းအမှတ် ပန်းပု၊ ပန်းချီ၊ ဓာတ်ပုံပြိုင်ပွဲ ဆုပေးပွဲနှင့် ပွဲတော်အောင်မြင်မှု ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကျုံပျော်မြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၈

ကျုံပျော်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၅)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည် အစည်းအဝေး အခမ်းအနားကို မေ ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနှင့် ဓမ္မစေတီလမ်းထောင့်ရှိ သီရိမင်္ဂလာ ရတနာဗိမာန် စာသင်တိုက် (ဆွမ်းစားဆောင်)၌ ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ မြို့နယ်သားများ၊ ၂၀၀၇ ခုနှစ် နှင့် ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးအောင်ဆုယူမည့်သူများ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် ဧပြီ ၂၈

ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ရှမ်းပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ဒေသများတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ကလေးဝမြို့နှင့် ချောက်မြို့တို့တွင် ၄၁ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သီပေါမြို့တွင် ၃ဒသမ ၂၇လက်မ၊ နမ့်စန်မြို့တွင် ၁ဒသမ ၅၄လက်မ၊ ရန်ကုန်(မြို့လယ်)နှင့် မုဒုံမြို့တို့တွင် ၁ဒသမ၃၈လက်မစီနှင့် သထုံမြို့တွင် ဝဒသမ၇၉လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

ဧပြီ၂၉ရက် ညနေအထိခန့်မှန်းချက်မှာ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင်နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

၁၉၆၉ခုနှစ် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် (မြန်မာစာ)ဘွဲ့ရ ကျောင်းသား ကျောင်းသူများ၏ ဘွဲ့ရနှစ်(၄၀) ပြည့် အထိမ်းအမှတ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၈

၁၉၆၉ခုနှစ်တွင် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ မြန်မာစာအဓိကဖြင့် ဘွဲ့ရခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ ဘွဲ့ရနှစ် (၄၀)ပြည့် အထိမ်းအမှတ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မေ ၁ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း အမှတ် ၂၂၁ရှိ တော်ဝင်နှင်းဆီ စားသောက်ဆိုင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ဦးတင်အောင် ဖုန်း-၀၉-၅၀-၁၂၁၄၁၊ ဦးခင်မောင်မြင့် ဖုန်း-၀၉-၅၁-၅၇၆၄၉၊ ဦးထွန်းအောင် ဖုန်း-၀၉-၅၁-၅၇၃၈၅၊ ဗိုလ်မှူးကြီးမြင့်အုန်း(ငြိမ်း) ဖုန်း-၀၆၇-၄၁၄၅၉၃၊ ဦးသိန်းထွန်း-ဒေါ်တင်မာဝင်း ဖုန်း-၀၉-၅၀-၈၃၈၅၀၊ ဒေါ်စိုးမြင့် ဖုန်း- ၀၉-၅၁-၇၆၁၄၂၊ ဒေါ်မြမြဟိန်း ဖုန်း- ၀၁-၂၄၃၃၆၃၊ ဒေါ်စုစုလှိုင် ဖုန်း- ၀၉-၅၁-၇၀၃၀၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

ဝက်တုပ်ကွေးရောဂါ SWINE FLU သတိပေးနှိုးဆော်ချက်

၁။ **လူတွင်ဖြစ်ပွားနေသော ဝက်တုပ်ကွေးရောဂါ။** ၂၀၀၉ခုနှစ် ဧပြီလ ၁၇ရက်မှ ၂၅ရက်အထိ မက္ကဆီကို၊ အမေရိကန်၊ ကနေဒါ၊ နယူးဇီလန် စသည့် နိုင်ငံများတွင် ဝက်တုပ်ကွေးရောဂါ(Swine Flu)သည် လူများသို့ ကူးစက်ပျံ့နှံ့ခဲ့ရာ လူပေါင်း ၁၃၀၀ ကျော်တွင် ရောဂါဖြစ်ပွားပြီး လူ ၈၀ ကျော် သေဆုံးခဲ့ပါသည်။

၂။ **ဝက်၌ တွေ့ရှိရသော ဝက်တုပ်ကွေးရောဂါသဏ္ဌာန်လက္ခဏာများ။** ဝက်၌ တုပ်ကွေးရောဂါဖြစ်ပွားပါက ရုတ်တရက် ဖျားနာခြင်း၊ ငေးမှိုင်ခြင်း၊ ချောင်းဆိုးခြင်း၊ နှာရည်၊ မျက်ရည်ကျခြင်း၊ နှာချေခြင်း၊ အသက်ရှူကျပ်ခြင်း၊ မျက်လုံးနီခြင်း၊ ရောင်ခြင်း၊ အစာမစားခြင်း စသည့် တုပ်ကွေးလက္ခဏာများ တွေ့ရှိရကြောင်း၊ ရာသီဥတုအပြောင်းအလဲကြောင့်ဖြစ်တတ်သော အအေးမိခြင်းနှင့် အခြား ဝက်ဖျားနာရောဂါများတွင်လည်း ဤရောဂါလက္ခဏာ တွေ့ရှိရကြောင်း။

၃။ **ဝက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး လိုက်နာဆောင်ရွက်ရန်အချက်များ-**

(က) ဝက်များ၌ ဖျားနာရောဂါလက္ခဏာများတွေ့ရှိပါက လူများနှင့် နီးစပ်မှုမရှိစေဘဲ သီးခြားထားရှိရန်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ သတင်းပို့ရန်။
(ခ) စီးပွားဖြစ် ဝက်ကောင်ရေများများ မွေးမြူသည့်လုပ်ငန်းများ၌ ဇီဝလုံခြုံရေးမြှင့်တင် မွေးမြူသွားရန်။
(ဂ) ဝက်ခြံလုပ်ငန်းဆောင်ရွက်ပြီးတိုင်း ခြေ/လက်သန့်ရှင်းရေး စနစ်တကျစင်ကြယ်အောင် ဆေးကြောရန်။
(ဃ) မကျန်းမာသောဝက်များ ပြုစုစောင့်ရှောက်သည့်အခါ နှာခေါင်း၊ ပါးစပ်အကာ၊ လက်အိတ်များ အသုံးပြု ကိုင်တွယ်သွားရန်။
(င) မကျန်းမာသော ဝက်များအား ဈေးကွက်သို့ ရောင်းချခြင်း မပြုရန်။
(စ) မူရင်းဇာစ်မြစ်မသိသော ဝက်များကို မွေးမြူခြင်း မပြုရန်၊ အထူးသဖြင့် တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသည့် ဝက်များကို မွေးမြူခြင်း မပြုရန်။
(ဆ) ဝက်သားနှင့် ဝက်သားထွက်ပစ္စည်းများ သေချာစွာ ကိုင်တွယ်ချက်ပြုတ်စားသောက်ပါက ရောဂါမကူးစက်နိုင်ကြောင်း၊ အပူရှိန် ၇၀˚C အထက် ချက်ပြုတ်ထားပါက ဗိုင်းရပ်စ်သေဆုံးနိုင်ပါကြောင်း။

၄။ **ဝက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး။** မြန်မာနိုင်ငံအတွင်း ဝက်များ၌ ဝက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမရှိပါသဖြင့် တစ်နိုင်ဝက်မွေးမြူသူများ၊ စီးပွားဖြစ် ဝက်မွေးမြူရေးလုပ်ငန်းရှင်များနှင့် ပြုပြင်ထုတ်လုပ်ရောင်းချသူများသည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ စည်ပင်သာယာရေးအဖွဲ့၊ ဒေသအာဏာပိုင်အဖွဲ့အစည်းတို့နှင့် ဝက်တုပ်ကွေးရောဂါမဖြစ်ပွားရေး၊ ကာကွယ်တားဆီးရေး ပူးပေါင်းဆောင်ရွက်သွားပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်ရေးသတိပေး နှိုးဆော်ချက်

၁။ ၂၀၀၉ခုနှစ် ဧပြီလ ၁၇ရက်မှ ၂၅ရက်အထိ မက္ကဆီကို၊ အမေရိကန်၊ ကနေဒါ၊ နယူးဇီလန် စသည့်နိုင်ငံများတွင် ဝက်တုပ်ကွေးရောဂါ (Swine Flu) သည် လူများသို့ ကူးစက်ပျံ့နှံ့ခဲ့ရာ လူပေါင်း ၁၃၀၀ကျော်တွင် ရောဂါဖြစ်ပွားပြီး လူ၈၀ ကျော် သေဆုံးခဲ့ပါသည်။

၂။ ယခု ဖြစ်ပွားနေသောရောဂါသည် ဗိုင်းရပ်စ်ပိုးအသစ်တစ်မျိုးကြောင့် ဖြစ်ပွားခြင်းဖြစ်ပြီး ဗိုင်းရပ်စ်မျိုးရိုးဗီဇ လေးမျိုးပေါင်းထားသော ပိုးအသစ်ဖြစ်သဖြင့် ကျယ်ပြန့်စွာ ကူးစက်ပျံ့နှံ့နိုင်သည်ကို သတိပြုရန်လိုအပ်ပါသည်။ ယခုအခါ နိုင်ငံအချို့တွင် ဖြစ်ပွားလျက်ရှိကြောင်းနှင့် ဤရောဂါကို နိုင်ငံတကာဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကြေညာထားပါသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကြက်၊ ငှက်တုပ်ကွေးမှတစ်ဆင့် လူများသို့ ကူးစက်မှုမရှိစေရေးအတွက် ရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယခုအခါ အခြားနိုင်ငံများတွင် ဝက်တုပ်ကွေးမှတစ်ဆင့် လူများသို့ ရောဂါကူးစက်မှုရှိလာသဖြင့် အဆိုပါရောဂါ မြန်မာနိုင်ငံသို့ ဝင်ရောက်ကူးစက်ပျံ့နှံ့ခြင်း မရှိရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆက်စပ်ဆောင်ရွက်လျက်ရှိပါသည်။

၃။ ဝက်တုပ်ကွေးရောဂါ (Swine Flu)၏ လက္ခဏာများသည် ကိုယ်ပူခြင်း၊ နှာရည်ယိုခြင်း၊ နှာချေချောင်းဆိုးခြင်း၊ ကိုယ်လက်မအီမသာဖြစ်၍ ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အသက်ရှူကျပ်ခြင်းတို့ဖြစ်ပြီး အခြားသော တုပ်ကွေးရောဂါလက္ခဏာများနှင့်လည်း တူညီပါသည်။ ထိုရောဂါလက္ခဏာများဖြစ်ပွားပါက လုပ်ငန်းခွင်၊ ကျောင်း စသည့် လူစုလူဝေးနေရာများသို့ မသွားရောက်ဘဲ မိမိတို့နေအိမ်တွင်သာ အနားယူရန်၊ လိုအပ်လျှင် နီးစပ်ရာကျန်းမာရေးဆေးခန်းများသို့ ဆက်သွယ်၍ ကုသမှုကို ခံယူရန်၊ အဖျားကြီးခြင်း၊ ချောင်းဆိုးကြာရှည်ခြင်း၊ အသက်ရှူခက်ခဲ၍ မောပန်းခြင်း စသည့် ရောဂါပြင်းထန်သော လက္ခဏာများ ခံစားရပါလျှင် ဆေးရုံသို့ ချက်ချင်းပြသ၍ ကုသမှုခံယူရန်၊ ဆေးရုံ၊ ဆေးခန်းများသို့ ကုသရန်သွားရောက်ရာတွင်လည်း အခြားလူများသို့ ကူးစက်မှုမှ ကာကွယ်ရန်အတွက် နှာခေါင်းစည်းများ (Surgical Masks) တပ်ဆင်ရန် လိုအပ်ပါသည်။

၄။ ဤရောဂါသည် လူမှလူသို့ ကူးစက်လျက်ရှိသည်ကို တွေ့ရပါသဖြင့် ယခင် ဆားစ်အဆုတ်ရောင် ရောဂါဖြစ်ပွားသကဲ့သို့ ကမ္ဘာ့နိုင်ငံ အနှံ့အပြားသို့ လျင်မြန်စွာ ကူးစက်ပြန့်ပွားနိုင်ပြီး ကပ်ရောဂါအသွင်သို့ ဖြစ်လာနိုင်ပါသည်။ သို့ဖြစ်၍ ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များကို သတိပြုလိုက်နာ ကျင့်သုံးကြရန် နှိုးဆော်အပ်ပါသည်-

(က) နှာချေ၊ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ခြင်း။
(ခ) လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်း။
(ဂ) တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုပြုဆောင်ရွက်ခြင်း။
(ဃ) ကောင်းစွာ အိပ်စက်အနားယူခြင်း။
(င) အာဟာရပြည့်ဝသည့် အစားအစာများ စားသုံးခြင်း။
(စ) ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ခြင်း။
(ဆ) လေကောင်းလေသန့် ရရှိအောင် ဆောင်ရွက်နေထိုင်ခြင်း။

၅။ တုပ်ကွေးရောဂါဖြစ်ပွားသူများနှင့် ရောဂါဖြစ်သည်ဟု သံသယရှိသူများသည် အခြားလူများသို့ ရောဂါကူးစက်မှုအား ကာကွယ်နိုင်ရန်လည်းကောင်း၊ လူနာအား စောင့်ရှောက်သူများသည် မိမိတို့ထံ ရောဂါကူးစက်ခြင်း မရှိစေရန်လည်းကောင်း နှာခေါင်းနှင့် ပါးစပ်တို့ကို ဖုံးအုပ်နိုင်သည့် နှာခေါင်းစည်းများ (Surgical Masks) တပ်ဆင်ကြရန် လိုအပ်ပါသည်။

၆။ ကျန်းမာရေးဝန်ကြီးဌာနသည် အဆိုပါတုပ်ကွေးရောဂါ အခြားနိုင်ငံများမှ မြန်မာနိုင်ငံသို့ ကူးစက်ရောက်ရှိမလာစေရေးနှင့် တုပ်ကွေးရောဂါဖြစ်ပွားပါကလည်း လိုအပ်သောဆေးကုသရေးများအတွက် ဆောင်ရွက်ထားရှိပါသည်။ နိုင်ငံအချို့၌ ဖြစ်ပွားလျက်ရှိသော ကမ္ဘာ့လူတုပ်ကွေးရောဂါနှင့်ပတ်သက်၍ ပြည်သူများသိရှိရန် အချက်အလက်များကို လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ ဆက်လက်အသိပေးသွားမည်ဖြစ်ပြီး ပြည်သူများကလည်း ကျန်းမာရေးဝန်ကြီးဌာန၏ နှိုးဆော်ချက်အတိုင်း လိုက်နာဆောင်ရွက်ကြရန် အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကမ္ဘာ့လူ့တုပ်ကွေးရောဂါသည် ကပ်ရောဂါအသွင် စတင်ဖြစ်ပွားလျက်ရှိ ကပ်ရောဂါတုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေ ကျန်းမာရေးဌာနများနှင့်အတူ ပူးပေါင်းလက်တွဲပြီး ကပ်ရောဂါကို ကာကွယ်တုံ့ပြန်ကြ

နေပြည်တော် ဧပြီ ၂၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အမျိုးသား ကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ အမျိုးသား ကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ငွေး၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေး၊ ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နှစ်ပတ်လည် အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် အမျိုးသားကျန်းမာရေးကော်မတီအတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အမှာစကားပြောကြားရာ၌ ယခုကဲ့သို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအနေဖြင့် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် နှစ်ပတ်လည်အစည်းအဝေးများကို ကျင်းပနိုင်ခဲ့သည်မှာ ယခုဆိုလျှင် (၁၉)ကြိမ်မြောက်ရှိခဲ့ပြီး အောင်မြင်မှုများလည်း ရရှိနေသဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် (၄)ရပ်အနက် တစ်ခုဖြစ်သော ““တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး”” အတွက် ဆောင်ရွက်ရာတွင် နိုင်ငံလူဦးရေ၏ ၆၀ ရာခိုင်နှုန်းကျော်ဖြစ်သည့် မိခင်နှင့် ကလေးများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် မိမိတို့အားလုံးက ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)နှင့် ပြည်နယ်၊တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးလက်အသင်း အသင်းခွဲဝင်များအားလုံး၏ ပူးပေါင်းပါဝင်မှုကြောင့် မိခင်နှင့်ကလေး အသေအပျောက်ကျဆင်းမှုများ၊ ကျန်းမာသည့်မိသားစုဘဝ ရရှိမှုများ၊ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းနိုင်မှုများအတွက် ဆောင်ရွက်မှုလုပ်ငန်းများကိုလည်း ဤနေရာမှ မှတ်တမ်းတင်ပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ်

နိုင်ငံတစ်ဝန်းလုံးရှိ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်ပေါင်း ၁၁သန်းကျော်၏ အင်အားဖြင့် ဖွဲ့စည်းထားပြီး မိခင်နှင့်ကလေးများ၊ မိသားစုများအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်နေသည့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခုပင်ဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် စွမ်းစွမ်းတမံ အကျိုးပြုစေနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ အဖြစ်ရရှိအောင် နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းက စွမ်းဆောင်ပေးလျက်ရှိနေသည်ကိုလည်း အားလုံးအသိပင်ဖြစ်ကြောင်း။

ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ကျန်းမာရေးအခြေအနေမြှင့်တင်မှုလုပ်ငန်းများ၊ ကျေးလက်ဒေသအထိ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနရှိ သက်ဆိုင်ရာဦးစီးဌာနများနှင့် ကျေးလက်ဒေသအောက်ခြေအထိပူးပေါင်းပြီး ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကိုလည်း အထူးပင်ဂုဏ်ယူမိပါကြောင်း၊ ယင်းလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် အခြေခံလိုအပ်ချက်အဖြစ် ပြည်သူတို့နှင့် အနီးကပ်ဆုံး ပါဝင်ဆောင်ရွက်ပေးနေကြသည့်အသင်းဝင်များ၏ ဆောင်ရွက်မှုသည်လည်း မိမိလူမျိုး၊ မိမိနိုင်ငံ အကျိုးအတွက် အရေးပါသော မှတ်တိုင်များပင်ဖြစ်ကြောင်း၊ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ၊ လေဘေးသင့်ဒေသများတွင် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းများကိုလည်း သာဓကများအဖြစ် တွေ့မြင်ကြပြီးဖြစ်ကြောင်း။

အလေးထားလုပ်ဆောင်

အလျဉ်းသင့်၍ ပြောကြားလိုသည်မှာ ကမ္ဘာ့သတင်းများအရ ယခုအခါ ကမ္ဘာ့လူ့တုပ်ကွေးရောဂါသည် ကပ်ရောဂါအသွင် စတင်ဖြစ်ပွားလျက်ရှိပြီး အသက်ဆုံးရှုံးမှုများရှိနေသည်ကို ကြားသိရကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင်လည်း အမျိုးသားကျန်းမာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ကမ္ဘာ့လူ့တုပ်ကွေးကပ်ရောဂါပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆင့်အသီးသီး၊ ဌာနအသီးသီးတွင် အသိပေး ရှင်းလင်းဆွေးနွေးပွဲများကျင်းပခြင်း၊ ကာကွယ်ကုသရေးဆိုင်ရာ သင်တန်းများပေးခြင်း၊ လိုအပ်သော ဆေးဝါးပစ္စည်းများ စုဆောင်းခြင်းစသည်တို့ကို ဆောင်ရွက်နေကြောင်းကို အသိပေးပြောကြားလိုကြောင်း၊ ယခုအချိန်သည် ကျန်းမာရေးဌာနများနှင့် အတူ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ ပူးပေါင်းလက်တွဲပြီး ဤကပ်ရောဂါကို ကာကွယ်တုံ့ပြန်ရန် အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်ကြရန် အချိန်ကျရောက်နေပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ယင်းကပ်ရောဂါကြီး ဖြစ်ပွားမလာစေရန်၊ အကယ်၍ ဖြစ်လာခဲ့လျှင်လည်း ဆုံးရှုံးမှုနည်းနိုင်သမျှနည်းအောင် (၁)မိမိကိုယ်ကို ကျန်းမာအောင် ဂရုစိုက်နေထိုင်ရန်၊ (၂) လူစုလူဝေး ပွဲလမ်းသဘင် စသည်တို့ကို သွားရောက်ခြင်းကိုဆင်ခြင်ရန်၊ (၃) ရောဂါဖြစ်ပွားသူများနှင့် ထိတွေ့မှုမရှိအောင် သတိပြုနေထိုင်ရန်၊ (၄) မိမိတွင် ဖြစ်ပွားခဲ့လျှင်လည်း အခြားသူများကို မကူးစက်စေရန် အလုပ်သွားခြင်း၊ ကျောင်းသွားခြင်း၊ လူစုလူဝေးထဲသွားခြင်းများကို မပြုလုပ်ရန်နှင့် အထူးသဖြင့် နှာခေါင်းစည်း (Mask) တပ်ခြင်းနှင့် လက်ဆေးသောအလေ့အကျင့်ကို အလေးထားလုပ်ဆောင်ရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

အလားတူပင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များအနေဖြင့် ပညာရေး၊ စီးပွားရေးနှင့်လူမှုရေးဆိုင်ရာလုပ်ငန်းများတွင်လည်း နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ ဌာနဆိုင်ရာများ၊နိုင်ငံ့ဝန်ထမ်း(?)လူမှုရေးအသင်းအဖွဲ့များ၊ မိသားစုများ အပါအဝင် ပြည်သူလူထု တစ်ရပ်လုံးနှင့်အတူ ထက်သန်သည့် ဆန္ဒများ၊ နိုးကြားတက်ကြွသည့် စိတ်ဓာတ်များဖြင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြသဖြင့် ထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင်များပြည့်မီစေရေးအတွက် ကြိုးပမ်းရာတွင် ထိရောက်သော အင်အားတစ်ရပ်လည်း ဖြစ်စေခဲ့ကြောင်း။

ပြုစုပျိုးထောင်

ပင်ကို စိတ်ထားမှာ မျိုးချစ်စိတ်ဓာတ်၊ အချင်းချင်း ကူညီရိုင်းပင်းတတ်သည့် စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်များရှိကြသော အသင်းဝင်များဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအနေဖြင့် အသင်းကြီး စတင်တည်ထောင်ခဲ့သည့် (၁၉၉၁)ခုနှစ်ကစပြီး နှစ်စဉ်ရှေ့လုပ်ငန်းစဉ်များ ချမှတ်ကာ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် အမျိုးသားရေးအသွင်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက်လည်း မြန်မာ့လူ့ဘောင် အဖွဲ့အစည်း၏တိုးတက်ပြောင်းလဲမှုများနှင့် ဆက်စပ်လျက်ရှိသော အကျိုးဖြစ်ထွန်းစေမည့် လူ့စွမ်းအား အရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးနိုင်ခဲ့ကြောင်း။

မျှော်လင့်ယုံကြည်

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရ၊ပြည်သူနှင့်တပ်မတော်တို့၏ညီညွတ်သောစွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကို ကြိုးပမ်းတည်ဆောက်ရာတွင် အစဉ်အလာကြီးမားခဲ့သည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအနေဖြင့် မိမိတို့၏ ရည်မှန်းချက်အနှစ်သာရများ ပိုမိုထိရောက်စွာဖြင့် ပြည်သူတစ်ရပ်လုံးနှင့်အတူ အမျိုးသားရေးအသိ၊ အမျိုးသားရေးအမြင်များဖြင့် ဆက်လက်၍ အားမာန်အပြည့်အဝဖြင့် ဆောင်ရွက်ကြမည်ကိုလည်း မျှော်လင့်ယုံကြည်ပါကြောင်း။

စံနမူနာကောင်းများ

အသင်းကြီး၏ လုပ်ငန်းများဆိုင်ရာ စနစ်ကျသော လေးလပတ် အစီရင်ခံစာ၊ နှစ်ချုပ် အစီရင်ခံစာများနှင့် သုတေသနစာတမ်းများ အရည်အသွေးမှာလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်မားလာပြီး ပြည်သူ့အကျိုးပြု စံနမူနာကောင်းများအဖြစ် ရပ်တည်နေခဲ့သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ သုတေသနစာတမ်းပြုစုသည့် အကြောင်းအရာများအနေဖြင့်လည်း ပြည်သူများ၏ဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လေးလေးနက်နက် စဉ်းစားတွေးခေါ် လုပ်ဆောင်ထားကြသည်ကိုလည်း အားတက်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းကို ပြောကြားလိုကြောင်း။

လေ့လာဆည်းပူး

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အဆင့်ဆင့်မှ အသင်းဝင်များအနေဖြင့် အသင်းကြီး၏အဓိကလုပ်ငန်းများဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းများတွင် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသော အသိပညာ၊ အတတ်ပညာများကို လေ့လာဆည်းပူး၍ ကိုယ်တိုင်ကျင့် တစ်ဆင့်ပွားကာ မြို့ပြကျေးလက်အနှံ့ ပြည်သူများ၏ဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အစည်းအဝေးခန်းမအတွင်း ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) နှင့် ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ဂုဏ်ယူလျက်ပါ မေမြတ်ဝါ

❖ အပြုံးဝေဆာ၊ ဝတ်စုံဝါနှင့်
နေရာတိုင်းမှာ၊ ဂုဏ်တင့်ပါသော
မြန်မာ့မာတာ၊ မေမြတ်ဝါ....။

❒ ‘သွေးလွန်တုပ်ကွေး’ ‘ဝက်သက်’ဘေးကို
အလေးဂရု၊ ကာကွယ်မှုတွက်
လူထုတွေကြား၊ အရောက်သွားလို့
လှုပ်ရှားကြရာ၊ တစ်တပ်တစ်အားပါခဲ့....။

❖ ‘ပိုလီယို’ ဘေး၊ ကာကွယ်ရေးတွက်
ဆေးတိုက်ရာလည်း၊ သူတို့ပဲလေ....။

❒ ‘ အေအိုင်ဒီအက်စ်’၊ မကူးစက်အောင်
တိုက်ဖျက်ဖို့အရေး၊ ပညာပေးလို့
ဆွေးနွေးကြရာ၊ သူတို့ပါမြဲ....။

❖ ကိုယ်ဝန်ဆောင်များ ‘သားဆက်ခြား’နှင့်
‘သားလျှောသားပျက်’၊ လျော့ဖို့အတွက်ပေါ့
တက်တက်ကြွကြွ ဆောင်ရွက်ကြရာ သူတို့သာပင်....။

❒ ‘မိခင်နှင့်ကလေး၊ စောင့်ရှောက်ရေး’ အတွက်
မျှော်တွေးကွင်းဆင်း၊ လုပ်ငန်းစဉ်ရှင်းတော့၊
ထင်းလင်းဝင်းဝါ၊ သူတို့သာပဲ ပါလေမြဲ-ရှင့်....။

❖ ‘မိခင်’ ‘ကလေး’၊ ကျန်းမာရေးအတွက်
အလေးထားစရာ၊ မျှတစွာဖြင့်
အာဟာရပြည့်ဝ စားသုံးကြဖို့
ညွှန်ပြတော့လည်း၊ သူတို့ပဲလေ....။

❒ ထို့ပြင်တစ်ထွေ၊ စေတနာမေတ္တာ
မြတ်သဒ္ဓါနဲ့၊ ‘လူနာ’‘ဘိုးဘွား’
‘ဆေးရုံများ’ နဲ့၊ ‘ချို့တဲ့မိခင်’
‘ဘုန်းတော်သင်ကျောင်း’၊ ကျောင်းသားအပေါင်းသို့
နှစ်ထောင်းအားရ၊ ပေးလှူကြရာ၊ သူတို့-ပါ....။

❖ ပြည်ရွာ၊ကျိုးတွက်၊မျက်စိအလင်း
အမှောင်ခွင်းဖို့၊ ဆောင်ကြဉ်းရှေးရှု
သုတဘဏ်တိုက်၊ စာကြည့်တိုက်သို့
လှိုက်လှဲကြည်ဖြူ၊ စာအုပ်လှူလည်း
သူတို့ပဲလေ....။

❒ ဩော်-မိန်းမသားမင့်၊ အားငယ်စိတ်မရှိ
မြတ်သောအသိနဲ့ ‘မိခင်နှင့်ကလေး’
စောင့်ရှောက်ရေးအတွက် ပေးဆပ်မျှော်ရှု
ဂရုပြုကာ ‘လူမှု’‘ကျန်းမာ’
‘ပညာ’‘စီးပွား’အရေးအားလုံး
သိမ်းကျုံးဆောင်ရွက်၊ စွမ်းဆောင်ချက်ကို
လေးနက်အစုံ၊ ပီတိဟုန်ဖြင့်
““ဂုဏ်ယူလျက်ပါ မေမြတ်ဝါ””....။ ။

ကျော်ဝင်းမောင်(ကျောက်မဲ)

29-4 (06).pmd 1 4/29/2009, 2:21 AM

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်း မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာတစ်နိုင်ငံလုံးပြည်သူများ၏ ၇၀ရာခိုင်နှုန်းသည် ကျေးလက်ဒေသနေပြည်သူများဖြစ် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေး အမျိုးသမီးများ၊ မိခင်များ၏ဘဝ မြှင့်တင်ရေးသည် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိ

နေပြည်တော် ဧပြီ ၂၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၁၀နာရီ ၄၅မိနစ်တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ နှစ်ပတ်လည်အစည်းအဝေးသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေး၊ ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ကြသည်။

နှစ်ပတ်လည် အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာဒေါ်သိန်းသိန်းငွေနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါက်တာထွေးယဉ်အေးတို့က ဆောင်ရွက်ကြသည်။

ပီပီပြင်ပြင်

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးကို နိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးများအတွက် ပညာရေး၊ ကျန်းမာရေး၊စီးပွားရေး၊ လူမှုရေး စောင့်ရှောက်မှုများပေးခြင်းဖြင့် မိသားစုဘဝ အဆင့်အတန်း မြင့်မားလာစေရေး အထောက်အကူ ပြုစေရမည်ဆိုသည့် မွန်မြတ်သော ယုံကြည်ချက်ဖြင့် စေတနာ့ဝန်ထမ်းလူမှုရေး အသင်းအဖွဲ့တစ်ခုအဖြစ် ဖွဲ့စည်း တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းယုံကြည်ချက်နှင့်အညီ မိမိတို့ အသင်းကြီး စတင်ဖွဲ့စည်း တည်ထောင်ခဲ့သည့် ၁၉၉၁ခုနှစ် ဧပြီ ၃၀ရက်မှ ယနေ့အထိ ၁၈နှစ်တာကာလ သက်တမ်းတစ်လျှောက် ပြည်နယ်နှင့်တိုင်း အသီးသီးရှိ မြို့ကြီးများမှ ကျေးလက်ဒေသများအထိ မိခင်နှင့် ကလေးများအပါအဝင် မိသားစုဘဝ အဆင့်အတန်း မြင့်မားလာစေရေးလုပ်ငန်းများ၌ တစ်နှစ်ထက်တစ်နှစ် ပီပီပြင်ပြင်အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်ခဲ့ကြောင်း။

ယခုကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ၌ အသင်းကြီး၏ ပြည်နယ်နှင့်တိုင်း ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အမှုဆောင်များ၊ အဆင့်ဆင့်သော အသင်းဝင်များ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် တစ်နိုင်ငံလုံး အသင်းခွဲပေါင်း နှစ်သောင်းကျော်တွင် အသင်းဝင် အင်အား ၁၁သန်းကျော်ဖြင့် စုစည်းညီညွတ်သော အမျိုးသားရေးအင်အားစုကြီး တစ်ရပ်အဖြစ်လည်း ခိုင်ခိုင်မာမာ ရပ်တည်လျက်ရှိနေပြီဖြစ်ကြောင်း။

တစ်တပ်တစ်အား

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအနေဖြင့် အသင်း၏ ရည်ရွယ်ချက်လုပ်ငန်း တာဝန်များကို သာမက နိုင်ငံတော်အစိုးရက အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး ၂၄ခု ဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ စသော စီမံကိန်းကြီးများ၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့် ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာ စီမံကိန်းများတွင် အခြား လူမှုရေးအသင်းအဖွဲ့များနှင့်အတူ တစ်တပ်တစ်အား ပါဝင်အကောင်အထည်ဖော်လျက်ရှိကြောင်း။

မျက်မှောက်ကာလတွင် နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာခြားချက်များ၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ၊ ကမ္ဘာ့တစ်ဝန်း သဘာဝပတ်ဝန်းကျင် ပျက်ပြားမှုများကို ကြုံတွေ့လျက်ရှိကြောင်း၊ ယခုကဲ့သို့ ကမ္ဘာ့နိုင်ငံများ၏ကြုံတွေ့နေရသည့် အခြေအနေများကို ၂၀၁၅ခုနှစ် အရောက်တွင် လျော့နည်းပပျောက်သွားစေရေးအတွက် ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ထောင်စုနှစ်ဖွံ့ဖြိုးရေးပန်းတိုင် (၈)ရပ်ကို ချမှတ်ဖော်ဆောင်လျက်ရှိနေကြောင်း။

ယင်းရည်မှန်းချက်ပန်းတိုင်များမှာ-

(၁) အလွန်အမင်း ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ် ခေါင်းပါးမှု ပပျောက်ရေး။

(၂) တစ်ကမ္ဘာလုံးဆိုင်ရာ မူလတန်းပညာတတ်မြောက်အောင်မြင်ရေး။

(၃) ကျား၊ မ တန်းတူရည်တူရှိမှုနှင့် အမျိုးသမီးများအခွင့်အလမ်းရရှိမှု တိုးမြှင့်ရေး။

(၄) ကလေးသူငယ်သေဆုံးမှု လျော့ချရေး။

(၅) သားဖွားမိခင်များ ကျန်းမာရေးကို မြှင့်တင်ရေး။

(၆) အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်၊ ငှက်ဖျားနှင့် အခြားရောဂါများ တိုက်ဖျက်ရေး။

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု ရေရှည်တည်တံ့ရေးနှင့်

(၈) ဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာနှင့်အဝန်း လက်တွဲ ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးရေးဆိုသည့် အချက်များပင်ဖြစ်ကြောင်း။

ကြိုးပမ်းလျက်ရှိ

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံသည် အခြားသော ကမ္ဘာ့နိုင်ငံများနှင့်တန်းတူ ဤပန်းတိုင်များကို ဖြည့်ဆည်းဖော်ဆောင်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးရဲ့ ကြိုးပမ်းဆောင်ရွက်မှုများသည် နိုင်ငံတော်၏ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများ၊ အမျိုးသားပညာရည် မြင့်မားရေးနှင့် မြန်မာ့ကျန်းမာရေးဆိုင်ရာ မျှော်မှန်းချက်များကို အထောက်အကူပြုနေသည့်အပြင် တစ်ချိန်တည်းတွင် ကုလသမဂ္ဂ၏ ထောင်စုနှစ်ဖွံ့ဖြိုးရေးပန်းတိုင်များရောက်ရှိရေး ရည်မှန်းချက်ကိုလည်း ပြည့်မီအောင် အထောက်အကူပြုလျက်ရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ဖြည့်ဆည်းထောက်ကူ

အသင်းကြီး၏အာဟာရစောင့်ရှောက်မှုလုပ်ငန်းများ၊ မိသားစု ဝင်ငွေတိုးရေးလုပ်ငန်းများသည် ထောင်စုနှစ်ဖွံ့ဖြိုးရေးပန်းတိုင်များ၏ ပထမအချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသကဲ့သို့ လူတိုင်းအတွက်ပညာရေး(Education for All) လုပ်ငန်းများ၊ ကျောင်းနေအရွယ် ကလေးတိုင်းကျောင်းနေနိုင်ရေး၊ မူလတန်းပညာပြီးမြောက်အောင် သင်ယူနိုင်ရေးစသည့် ပညာရေးကဏ္ဍ ကြိုးပမ်းမှုများတွင် ပါဝင်အကောင်အထည်ဖော်မှုများသည်လည်း ဒုတိယနှင့် တတိယအချက်များကို ဖြည့်ဆည်းထောက်ကူပေးလျက်ရှိကြောင်း။

ထို့အပြင် အသင်းကြီး၏ အဓိကဆောင်ရွက်ချက်များတွင် အပါအဝင်ဖြစ်သည့် ကိုယ်ဝန်ဆောင်ကာလ၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးမိခင်များ စောင့်ရှောက်ခြင်း၊ သားဖွားခန်းနှင့် မိခင်ကျန်းမာရေး ရိပ်မြုံများ ဖွင့်လှစ်ခြင်း၊ သားဆက်ခြားခြင်း၊ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများသည် စတုတ္ထနှင့် ပဥ္စမပန်းတိုင်များကို ကြိုးပမ်းဖြည့်ဆည်းမှုများအဖြစ် တွေ့ရှိနိုင်မည်ဖြစ်ကြောင်း။

ပြည်သူ့လူထုအခြေပြု

မြန်မာ့ကျန်းမာရေးဆိုင်ရာ ရည်မှန်းချက်တစ်ရပ်ဖြစ်သည့် ကူးစက်ရောဂါများကို ပြည်သူ့ကျန်းမာရေး ပြဿနာအဖြစ်မှ ဖယ်ရှားပြီး လုံးဝပပျောက်နိုင်ရေးအတွက် အသင်းကြီး၏ ပြည်သူ့လူထု အခြေပြုကျန်းမာရေးလုပ်ငန်းများတွင် ပါဝင်လှုပ်ရှားဆောင်ရွက်မှုများသည် ထောင်စုနှစ်ပန်းတိုင်များ၏ ဆဋ္ဌမအချက်ကို ကြိုးပမ်းအကောင်အထည်ဖော်နေခြင်းပင်ဖြစ်ကြောင်း။

အလားတူပင် အသင်းဝင်များ၏ ပတ်ဝန်းကျင် ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်ချက်များတွင် သတ္တမပန်းတိုင်ကိုလည်းကောင်း၊ အသင်းကြီး၏ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်မှုများသည် ထောင်စုနှစ်ပန်းတိုင်များ၏ အဋ္ဌမအချက်ကို လည်းကောင်း အသီးသီး အထောက်အကူပြုနေကြောင်းကို တွေ့ရှိနိုင်မည်ဖြစ်ကြောင်း။

ပြန်လည်သုံးသပ်

ပြည်နယ်နှင့်တိုင်းအလိုက် အသင်းများ၏ တစ်နှစ်တာကာလအတွင်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအလိုက် အကောင်အထည်ဖော်မှုများကို ပြန်လည်သုံးသပ်လျှင် ယခင်နှစ် နှစ်ပတ်လည်အစည်းအဝေး၌ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များ၊ လုပ်ငန်းစဉ်များနှင့်အညီ စွမ်းဆောင် အကောင်အထည်ဖော်ခဲ့ကြကြောင်းကို တွေ့ရှိရကြောင်း။

ယင်းအောင်မြင်မှုများသည် မိမိတို့အသင်းကြီးအနေဖြင့် နှစ်စဉ်နှစ်တိုင်း ယခုကဲ့သို့ နှစ်ပတ်လည်အစည်းအဝေးကြီးများ မပျက်မကွက်ကျင်းပပြီး လက်တွေ့ကျသည့် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေး ချမှတ်မှု၊ ချမှတ်ပေးသော လုပ်ငန်းစဉ်များအပေါ်တွင် အသင်းဝင်များ၏ ယုံကြည်ချက် ခိုင်ခိုင်မာမာဖြင့် ဖော်ဆောင်မှု၊ မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာတစ်ရပ်ဖြစ်သည့် စေတနာ၊ ဝါသနာ၊ အနစ်နာခံမှုများကို အရင်းခံသော လူမှုဝန်ထမ်း အသိစိတ်ဓာတ်ကို အခြေခံပြီး စည်းစည်းလုံးလုံး ဝိုင်းဝန်းကြိုးပမ်းမှု အစဉ်အလာကောင်းများကြောင့်ပင်ဖြစ်ကြောင်း။

ကြိုးပမ်းအားထုတ်

တစ်ဆက်တည်းမှာပင် မြန်မာနိုင်ငံ၏ လူဦးရေထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်ရုံသာမက တစ်နိုင်ငံလုံး ပြည်သူများ၏ ၇၀ရာခိုင်နှုန်းသည် ကျေးလက်ဒေသနေပြည်သူများဖြစ်ကြောင်း၊ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးကြိုးပမ်းရာတွင် အမျိုးသမီးများ၊ မိခင်များ၏ဘဝ မြှင့်တင်ရေးသည် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း၊ ထို့ကြောင့် အဆင့်ဆင့်သော အသင်းဝင်များအနေဖြင့် ကျေးလက်ဒေသနေ အမျိုးသမီးများအပါအဝင် ပြည်ထောင်စုတစ်ဝန်းလုံး၌ သားကောင်းမိခင်များ၊ မိခင်ကောင်း သားသမီးများ ဖြစ်ထွန်းနေစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် မျက်ခြည်မပြတ် ပါဝင်ပံ့ပိုးခြင်းဖြင့် ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း။

ထို့ကြောင့် အနာဂတ်မြန်မာ့လူ့အဖွဲ့အစည်းကို ဖန်တီးဖော်ဆောင်နေကြသော မြန်မာ့မိခင်များ၊ မျိုးဆက်သစ် ရင်သွေးငယ်များကို ပြုစုစောင့်ရှောက်နေကြသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များအနေဖြင့် မိမိတို့၏ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု၊ ကမ္ဘာ့နိုင်ငံအသီးသီး၏ မိခင်နှင့်ကလေး စောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်များ ရယူပြီး မိမိနိုင်ငံနှင့် လိုက်လျောညီထွေစွာ ဖော်ဆောင်နိုင်မှု၊ အသင်းကြီး၏ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို ပြည်သူများအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လက်တွေ့ကျကျ စည်းရုံး ဆောင်ရွက်နိုင်မှု စသော အရည်အသွေးများ ပြည့်ဝနေစေရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းနေကြရန် လိုအပ်မည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-

- အသင်းကြီးမှ ချမှတ်ထားသည့် ယုံကြည်ချက်၊ ရည်ရွယ်ချက်များနှင့်အညီ မိခင်နှင့်ကလေး ပြုစုစောင့်ရှောက်ရေး ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအလိုက် ရှေ့လုပ်ငန်းစဉ်များ ချမှတ် အကောင်အထည်ဖော် ကြိုးပမ်းသွားကြပါ။
- မြန်မာ့စိတ်ရင်း စေတနာကောင်းများအပေါ်အခြေခံသောအသင်းကြီး၏ အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းသွားကြပါ။
- ပြည်နယ်နှင့်တိုင်း အသီးသီးက အသင်းဝင်ညီအစ်မများ ဆုံစည်းကြရသည့် အခွင့်အခါတွင် မိမိတို့၏ စည်းရုံးဆောင်ရွက်မှု အတွေ့အကြုံများကို အပြန်အလှန်ဆွေးနွေးဖလှယ်ခြင်းဖြင့် တစ်ဦးချင်းအနေဖြင့်ရော အသင်းများအနေဖြင့်ပါ အရည်အသွေး ပိုမို မြင့်မားရေး ဆက်လက် ကြိုးပမ်းသွားကြပါ

ဟုပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

အတည်ပြု

ထို့နောက် အသင်းအတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက ၂၀၀၈ခုနှစ် လုပ်ငန်း အစီရင်ခံစာကိုလည်းကောင်း၊ အကျိုးဆောင်စာရင်းစစ် ဒေါ်သန်းသန်းအေးက ၂၀၀၈-၂၀၀၉ခုနှစ် ဘဏ္ဍာရေးနှစ်၏ စာရင်းစစ် အစီရင်ခံစာကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်သန်းဝင်းက ၂၀၀၈-၂၀၀၉ခုနှစ် ဘဏ္ဍာရေးနှစ် ငွေစာရင်းရှင်းတမ်းနှင့် ၂၀၀၉-၂၀၁၀ ရသုံးမှန်းခြေစာရင်းတို့ကိုလည်းကောင်း ဖတ်ကြားတင်သွင်းကြပြီး နှစ်ပတ်လည်အစည်းအဝေး၏ အတည်ပြုချက်ကို ရယူကာ သဘာပတိက အတည်ပြုသည်။

ဖတ်ကြားတင်ပြ

ယင်းနောက် ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့များ၏ ၂၀၀၈ခုနှစ် နှစ်ချုပ်အစီရင်ခံစာများကို ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူးများ ဖြစ်ကြသော ကချင်ပြည်နယ်မှ ဒေါ်ခင်မာမြင့်၊ ကယားပြည်နယ်မှ ဒေါက်တာဒေါ်သန်းစိန်၊ ကရင်ပြည်နယ်မှ ဒေါက်တာဒေါ်သီသီဝင်း၊ ချင်းပြည်နယ်မှ ဒေါ်မေရီ၊ စစ်ကိုင်းတိုင်းမှ ဒေါက်တာဒေါ်ဇာခြည်ဝင်း၊ တနင်္သာရီတိုင်းမှ ဒေါက်တာဒေါ်သန္တာမျိုးဝင်း၊ ပဲခူးတိုင်း (အရှေ့ပိုင်း)မှ ဒေါက်တာဒေါ်တင်တင်ဝင်းနှင့် ပဲခူးတိုင်း(အနောက်ပိုင်း) မှ ဒေါ်ဥမ္မာတို့က ဖတ်ကြား တင်ပြကြပြီး ဖတ်ကြား တင်ပြချက်များနှင့် စပ်လျဉ်း၍ သဘာပတိ ဒေါ်ခင်စောနှင်းက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ နံနက်ပိုင်း နှစ်ပတ်လည်အစည်းအဝေး အစီအစဉ်များကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် နှစ်ပတ်လည်အစည်းအဝေး အစီအစဉ်များကို ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက ဆောင်ရွက်သည်။

ဖြည့်စွက်ဆွေးနွေး

ယင်းနောက် ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏ ၂၀၀၈ခုနှစ် နှစ်ချုပ်အစီရင်ခံစာများကို ပြည်နယ်နှင့်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက် အတွင်းရေးမှူးများ ဖြစ်ကြသော မကွေးတိုင်းမှ ဒေါ်တင်တင်ထွေး၊ မွန်ပြည်နယ်မှ တွဲဖက်အတွင်းရေးမှူး ကိုယ်စား ဒေါက်တာဒေါ်ခင်အေးခိုင်၊ မန္တလေးတိုင်းမှ ဒေါက်တာဒေါ်ခင်အောင်အောင်ငွေ၊ ရခိုင်ပြည်နယ်မှ ဒေါက်တာဒေါ်စန်းစန်းကြည်နှင့် ရန်ကုန်တိုင်းမှ ဒေါက်တာဒေါ်နွယ်နီအုန်းတို့က ဖတ်ကြား တင်ပြကြရာ ဖတ်ကြားတင်ပြချက်များနှင့် စပ်လျဉ်း၍ သဘာပတိ ဒေါ်အေးအေးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး ညနေပိုင်းတွင် နှစ်ပတ်လည် အစည်းအဝေး ပထမနေ့ အစီအစဉ်များကို ရပ်နားလိုက်သည်။

နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို ဧပြီ ၂၉ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

29-4 (07).pmd 1 4/29/2009, 2:21 AM

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှု ခံယူနေကြသော လူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဒေါက်တာအောင်ကျော်မြင့်၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြုဆရာမများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ သူနာပြုဆရာမများအား ဆေးကုသမှုခံယူရန် ဆေးရုံသို့ရောက်ရှိလာကြသော လူနာများအား ကောင်းမွန်စွာဆက်ဆံပြီး မိမိတို့၏ ဆွေမျိုးမိသားစုများသဖွယ် ပြုစုစောင့်ရှောက်ရန်၊ ပြည်သူများ ကျန်းမာရေးအဆင့်အတန်းမြင့်မားလာစေရေးအတွက် ကျေးရွာများသို့ကွင်းဆင်းပြီး ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်နည်းများ သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ရန် မှာကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဆေးရုံကြီးရှိ ဆေးကုသဆောင်နှင့် ခွဲစိတ်ကုသဆောင်တို့တွင် တက်ရောက်ဆေးကုသမှုခံယူနေကြသော လူနာများအား လှည့်လည်ကြည့်ရှု အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးနှင့် ဝန်ကြီးများက လူနာများအား စားသောက်ဖွယ်ရာများကို လိုက်လံပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးရုံကြီးအတွက် ဆေးဝါးပစ္စည်းများကို ဆေးရုံအုပ်ကြီးထံ ပေးအပ်သည်။

သူနာပြုသင်တန်းကျောင်း

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ သူနာပြုသင်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဒေါ်ဝေဝေဦးနှင့် ဆရာမများ၊ သင်တန်းသူများက ကြိုဆိုကြသည်။

ယင်းနောက် ကျောင်းအုပ်ကြီးက သင်တန်းကျောင်းအခြေအနေ၊ သင်တန်းများ ဖွင့်လှစ်ပို့ချပေးနေမှု၊ လက်ရှိသင်တန်းသူဦးရေနှင့် ဆရာမအင်အားတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

စတင်ဖွင့်လှစ်ခဲ့

အဆိုပါ သူနာပြုသင်တန်းကျောင်းကို ၁၉၉၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အချိန်အထိ သူနာပြုသင်တန်းအောင်မြင်ပြီးသူ ၅၂၀နှင့် သားဖွားသင်တန်းအောင်မြင်ပြီးသူ ၈၇ဦး ရှိပြီဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ သူနာပြုသင်တန်းကျောင်းမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ကျိုင်းတုံ-လွိုင်မွေ လမ်းအတိုင်း ထွက်ခွာလာကြရာ နံနက်၁၀နာရီတွင် ကျိုင်းတုံမြို့နယ် လွိုင်မွေမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား လွိုင်မွေတပ်နယ်မှ ဗိုလ်မှူးကြီး တင်ဌေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံမြို့ သူနာပြုသင်တန်းကျောင်းတွင် ဆရာမများ၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး သိန်းစိန် လွိုင်မွေမြို့ တိုက်နယ်ဆေးရုံ၌ မျက်စိရောဂါ ဝေဒနာရှင် တစ်ဦးအား မျက်မှန် တပ်ဆင်ပေးစဉ်။ (သတင်းစဉ်)

လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လွိုင်မွေတပ်နယ်ဆေးရုံသို့ ရောက်ရှိပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျန်းမာရေးဦးစီးဌာန ခေတ္တတွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာစိုင်းနော်ငင်း ဦးဆောင်၍ ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ သွားဘက်ဆိုင်ရာ အထူးကုဆရာဝန်ကြီး ဒေါက်တာဝဏ္ဏစိုး၊ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာကျော်စိုး၊ မီးယပ်နှင့် သားဖွားအထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်တင်နွဲ့ခိုင်၊ အရိုးရောဂါအထူးကု ဆရာဝန်ကြီး ဒေါက်တာမြင့်ဦး၊ အထွေထွေရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာမျိုးညွန့်၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ဆွေဆွေမြင့်၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာကျော်စွာနှင့် နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်သီတာရွှေတို့ပါဝင်သော ကွင်းဆင်းဆေးကုသရေးအဖွဲ့က လွိုင်မွေမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ဆေးဝါးကုသပေးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လာရောက်ဆေးဝါးကုသမှုခံယူနေကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

စာမျက်နှာ ၁၀ ကော်လံ ၃ သို့

ကျောင်းသားများကို အတန်းပညာများ သင်ကြားပေးသည့် နည်းတူ စံနမူနာပြ စည်းကမ်းရှိသူ၊ အကျင့်စာရိတ္တကောင်းသူ၊ တရားဥပဒေ လေးစားလိုက်နာသူ၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်သူများဖြစ်ရေး လေ့ကျင့်သင်ကြား။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း (လွိုင်မွေ)တွင် ကျောင်းသားများအား ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များကို ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)

29-4 (08).pmd 1 4/29/2009, 2:21 AM

အမှာစကား ပြောကြား

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ မြို့မိမြို့ဖများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

အဆိုပါ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များနှင့်အတူ ကျိုင်းတုံမြို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးနှင့် ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညို ကြသည်။

သီလခံယူဆောက်တည်

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တခေမာစာရထံမှ နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသော ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကျိုင်းယင်းကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တခေမာစာရနှင့် သာသနာ့ဝေပုလ္လပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝိဇယတို့ထံ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ဆရာတော်ကြီးများထံ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သာသနာ့ဝေပုလ္လပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်ထံမှ နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသော ပရိသတ်တို့က အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော်ကြီးများနှင့် ပရိသတ်တို့က ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) အတွင်းရေးမှူး ဦးမြအောင်က ပြည်နယ်အတွင်း ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးဆောင်ရွက်မှု အခြေအနေ များနှင့် စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ကျိုင်းတုံဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် နမ့်စန်-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည် များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆွေးနွေးမှာကြားရာတွင် မိမိတို့အဖွဲ့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးရန်နှင့် မြို့နယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုစစ်ဆေးပြီး ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်ဖြင့် လာရောက်ခြင်း ဖြစ်ကြောင်း။

တစ်ချိန်တည်းမှာပင် ကျိုင်းတုံမြို့ရှိ ကျိုင်းတုံလေယာဉ်ပြေးလမ်း တိုးချဲ့ တည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးပြီဖြစ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း။

ဖွံ့ဖြိုးတိုးတက်လာ

ကျိုင်းတုံလေဆိပ်သည် ယခင်က လေယာဉ် F-27 သာ ဆင်းသက်နိုင် ခဲ့ရာမှ ယခု လေယာဉ်ပြေးလမ်းကို အရှည်ပေ ၈၀၀၀၊ အကျယ်ပေ ၁၅၀၊ ထု ၁၈ လက်မကို တည်ဆောက်နိုင်ခဲ့သဖြင့် ယခုဆိုလျှင် Y8 လေယာဉ်ကြီးများပင် ဆင်းသက်နိုင်ပြီဖြစ်သဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြီ ဖြစ်ကြောင်း။

ရှမ်းပြည်နယ် (အရှေ့ပိုင်း)သည် အစွန်အဖျားကျသည့် ဒေသဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ထိုင်း နိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့်အတွက် ဒေသတွင်း ဆက်ဆံရေးနှင့် လုံခြုံရေးတို့တွင် အလွန်အရေးပါသော ဒေသတစ်ခုဖြစ်ကြောင်း။

တစ်ချိန်က နယ်ချဲ့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် တိုင်းရင်းသားအချင်းချင်း သံသယစိတ်များဝင်ပြီး လက်နက်ကိုင် တိုက်ခိုက်ခဲ့ကြသည့်အတွက် ကျိုင်းတုံမြို့ ပတ်ဝန်းကျင်သည်ပင် လုံခြုံမှုမရှိ ဖြစ်ခဲ့ရကြောင်း။

ကုန်ကျစရိတ်သက်သာသော ဇီဝဘက်ထရီအသုံးပြု၍ လျှပ်စစ်မီးထွန်းနိုင်မှု ကျေးလက်ဒေသနေအိမ်တိုင်းတွင် ပြုလုပ်သုံးစွဲနိုင်ရေး စီမံဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွက် ဝတ်စုံများကို တာဝန်ရှိသူများအား ပေးအပ်စဉ်။ (သတင်းစဉ်)

ဦးစားပေး

တပ်မတော်အစိုးရ တိုင်းပြည်တာဝန် ယူခဲ့ပြီးနောက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်နိုင်ခဲ့သည့်အတွက် နယ်စပ်ဒေသ များတွင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် သောင်းကျန်းသူချုပ်ငြိမ်းရေးတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ယင်းကဲ့သို့ တည်ငြိမ်အေးချမ်းမှု ရရှိလာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျဆုံးဖြစ်ခဲ့ရသည့် နယ်စပ် ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးတိုးတက်မှု အကောင် အထည်ဖော်ရေး ဗဟိုကော်မတီကို ၁၉၈၉ခုနှစ်တွင် ဖွဲ့စည်းပြီး နိုင်ငံတော် အကြီးအကဲကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ နယ်စပ်ဒေသများ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းကို အနီးကပ် ကြီးကြပ် စီမံဆောင်ရွက်ပေးခဲ့ကြောင်း။

ထို့အပြင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက် ရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဌာန တစ်ခုကိုပါ ဖွဲ့စည်း၍ နယ်စပ် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ထိထိရောက်ရောက် ဆောင်ရွက်စေ ခဲ့ကြောင်း။

ဖွံ့ဖြိုးမှုအသီးအပွင့်

၄င်းအပြင် အထူးဖွံ့ဖြိုးရေးစီမံ ကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းများကိုပါ ဖော်ဆောင်ပေးခဲ့ သည့်အတွက် ယနေ့အချိန်တွင်နယ်စပ် ဒေသများ၏ လုံခြုံရေး၊ လမ်းပန်း ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့သည် ယခင်ကနှင့်မတူ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာပြီး အဆိုပါအသီးအပွင့်များကို နယ်စပ်ဒေသရှိ ပြည်သူများ လက်တွေ့ခံစားနေကြရပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် ဤရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအပါအဝင် တစ်နိုင်ငံလုံးကိုလွှမ်းခြုံပြီး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို နေ့မအား ညမနား ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် ဒီမိုကရေစီကူးပြောင်းရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး အခက်အခဲအမျိုးမျိုး၊ အနှောင့်အယှက်အမျိုးမျိုးတို့ကို ရင်ဆိုင်ကျော်လွှားကာ တစ်ခုပြီး တစ်ခု တစိုက်မတ်မတ် ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ရာ ယခုဆိုလျှင် စတုတ္ထအဆင့်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ သစ်ကို ပြည်သူအများစုက အတည်ပြုထောက်ခံပေးခဲ့ပြီး ဖြစ်ကြောင်း။

တက်ညီလက်ညီ

ပြည်သူများ အတည်ပြုပေးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၀ပြည့်နှစ်တွင် ကျင်းပပေးမည့် ရွေးကောက်ပွဲအောင်မြင်ရေးကို ပြည်သူများက တာဝန်တစ်ရပ်အဖြစ် ခံယူပြီး တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း။

နိုင်ငံတော်၏ ရည်မှန်းချက်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေး ဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းတည်ဆောက်ရာတွင် အစိုးရနှင့် အတူ ပြည်သူများက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဦးထမ်းပဲ့ထမ်း ပါဝင်ဆောင်ရွက်မှသာ အောင်မြင်မှုရရှိ နိုင်မည်ဖြစ်ကြောင်း။

လက်တွဲကာကွယ်

ရှမ်းပြည်နယ်သည် ပြည်ထောင်စုကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်၍ ကိုယ့်လူမျိုး၊ သူ့လူမျိုး၊ ကိုယ့်ဒေသ၊ သူ့ဒေသ စသည့် လူမျိုးစွဲ၊ ဒေသစွဲ၊ ဝါဒစွဲမထားဘဲ ပြည်ထောင်စုကြီး၏ မည်သည့်ဒေသတွင် နေထိုင်သည်ဖြစ်စေ ပြည်ထောင်စုစိတ်ဓာတ်ကို ထားရှိ မွေးမြူသွားကြရမှာဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသား အားလုံး ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်ဆိုသည်ကို လက်ခံယုံကြည်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်အောင် ဝိုင်းဝန်းတည်ဆောက်ကြ ရန်နှင့် မိမိတို့၏ အချုပ်အခြာအာဏာကို တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်စွာဖြင့် အတူတကွလက်တွဲပြီး ကာကွယ်စောင့်ရှောက်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွက် ဝတ်စုံများကို တာဝန်ရှိသူများအား ပေးအပ်သည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဝန်ကြီးများက ဝတ်စုံများနှင့် အားကစား ပစ္စည်းများကို တာဝန်ရှိသူများအား ဆက်လက်ပေးအပ်ကြသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း ဇီဝဘက်ထရီဖြင့် မီးထွန်းနိုင်မှုနှင့် ဇီဝဘက်ထရီ ပြုလုပ်နည်းတို့ကို ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းက ဇီဝဘက်ထရီဖြင့် မီးထွန်းနိုင်မှုနှင့် ဇီဝဘက်ထရီပြုလုပ်နည်းတို့ကို တက်ရောက်လာကြသူများအား ရှင်းလင်းပြသသည်။

ဇီဝဘက်ထရီ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ကုန်ကျစရိတ်သက်သာသော ဇီဝဘက်ထရီ အသုံးပြု၍ လျှပ်စစ်မီးထွန်းနိုင်မှုကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလာပြီး ကျေးလက်ဒေသနေအိမ်တိုင်းတွင် ပြုလုပ်သုံးစွဲနိုင်ရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီခွဲတွင် ကျိုင်းတုံမြို့မှ မြန်မာ့လေကြောင်း လေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

ဖြည့်ဆည်းပေး

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းတို့သည် နမ့်စန်-ကျိုင်းတုံ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့် တာကော်-မိုင်းပျင်း- ကျိုင်းတုံ လမ်းပိုင်း ကားလမ်းအဆင့်မြှင့် တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရန်အတွက် ဧပြီ ၂၅ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့မှ ကွမ်ဟိန်းမြို့နယ် တာကော် သံလွင်မြစ်ကူးတံတားသို့ ရောက်ရှိကြပြီး နမ့်စန်-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းမှ စီမံကိန်းဒါရိုက်တာ ဦးတင်စိုးက သံလွင်မြစ်အား ဖြတ်သန်းတည်ဆောက်မည့် ရထားလမ်းကူး တံတားတည်ဆောက်ရန် မြေနေရာရွေးချယ်ထားရှိမှုနှင့် ရထားလမ်း အူကြောင်းတို့ကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းပေးသည်။

ထို့နောက် တာကော်ကားလမ်းကူးတံတားကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှုတို့ကို တံတားပေါ်မှဖြတ်သန်း၍လည်းကောင်း၊ တံတားအောက်ခြေသို့ ဝင်ရောက်၍ ကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးက ရှင်းလင်းတင်ပြပြီး ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြား

ဧပြီ ၂၆ ရက် နံနက်ပိုင်းတွင် မိုင်းပျင်းနှင့် ကျိုင်းတုံအကြား ကားလမ်း အဆင့်မြှင့် တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ မိုင်တိုင်အမှတ်(၃၄၄/၁-၂)အကြား လမ်းပြုပြင်နေမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ်(၃၄၀/၅)တွင် တံတားတည်ဆောက်ရန် ချဉ်းကပ်လမ်း တည်ဆောက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တုံတာမြို့ ပန်နောင်လုံရှိ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီး၏ တာကော်-မိုင်းပျင်း-ကျိုင်းတုံလမ်းပိုင်း စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ရှေးဦးစွာ ပြည်နယ်အင်ဂျင်နီယာမှူးကြီးက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် လမ်းအထူးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးဘသိန်းနှင့် ကျိုင်းတုံခရိုင် အင်ဂျင်နီယာမှူး ဦးဌေးဦးတို့က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင်(၃၇၀/၄-၅) အကြားတွင် အမာခံကျောက်ခင်းလမ်း တိုးချဲ့ဆောင်ရွက်နေမှု၊ ကျိုင်းတုံမြို့အနီးရှိ ဝင်းဘိုရွာအနီး ဖောက်လုပ်ရန် ပထမဉမင်ဝင်ပေါက်နေရာအား ပဏာမရွေးချယ်ထားမှု၊ မိုင်တိုင်(၁၈၉/၇)ရှိ သဲတောင်နေရာတွင် သဲများဖယ်ရှားခြင်း၊ လမ်းတိုးချဲ့ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ကျိုင်းတုံမြို့အဝင် ရထားလမ်း မြေသားတာပေါင်လုပ်ငန်းအတွက် တောင်ဖြိုခြင်းလုပ်ငန်းကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှု၊ ကျိုင်းတုံဘူတာ ယာဒ်ဝင်းအတွင်း မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

AFC Challenge Cup 2010
ခြေစစ်ဘောလုံးပြိုင်ပွဲ အုပ်စု(က)
မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက
အိမ်ရှင်ဘင်္ဂလားဒေ့ရှ်အသင်းကို အနိုင်ရရှိ

ရန်ကုန် ဧပြီ ၂၈

၂၀၀၉ခုနှစ် AFC Challenge Cup 2010 ခြေစစ်ဘောလုံးပြိုင်ပွဲ အုပ်စု(က) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာရှိ ဘန်ကာဘန်ဟုဒ်ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ ပထမပွဲစဉ်တွင် ကမ္ဘောဒီးယားအသင်းက မကာအိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဒုတိယပွဲစဉ်တွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက အိမ်ရှင် ဘင်္ဂလားဒေ့ရှ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

သွင်းယူ

ပြိုင်ပွဲစ၍ ပထမပိုင်း ၁၁မိနစ်တွင် ဘင်္ဂလားဒေ့ရှ်အသင်းမှ ပထမဂိုးကို သွင်းယူကာ ဦးဆောင်ကစားခဲ့ပြီး မြန်မာ့လက်ရွေးစင်အသင်းအတွက် အနိုင်ဂိုးများကို ဒုတိယပိုင်း မိနစ် ၂၀နှင့် ၂၅မိနစ်တို့တွင် ရှေ့တန်းတိုက်စစ်မှူး ပိုင်စိုးတစ်ဦးတည်းက သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။

ယှဉ်ပြိုင်ကစားရမည်

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် နှစ်ပွဲကစား နှစ်ပွဲနိုင် ခြောက်မှတ် ရရှိထားပြီး ဧပြီ ၃၀ရက်တွင် ကမ္ဘောဒီးယားလက်ရွေးစင်အသင်းနှင့် အုပ်စုနောက်ဆုံး ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

တည်ဆောက်ဖွင့်လှစ်

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က အမှာစကားပြောကြားရာ၌ ၁၉၈၈ခုနှစ်ကစပြီး တည်ဆောက်ဖွင့်လှစ်ခဲ့သည့် ပေ ၁၈၀နှင့် အထက်တံတားကြီးများတွင် ယနေ့ဖွင့်လှစ်သည့် ရွှေလီတံတား (နမ့် ခမ်း) သည် ၂၂၂စင်းမြောက်တံတားဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ပေ၁၈၀နှင့် အထက်တံတားပေါင်းသည် ယခု တံတားအပါအဝင် ခြောက်စင်း တည်ဆောက်ဖွင့်လှစ်ပေးပြီးဖြစ်ကြောင်း။

၎င်းတံတား၏ မူလကြိုးတံတားကြီးကို ၁၉၄၅ခုနှစ်ခန့်က တည်ဆောက်ခဲ့ခြင်းဖြစ်၍ သက်တမ်းကြာမြင့်လာသည်နှင့်အမျှ တံတားခံနိုင်ဝန်အားသည်လည်း လျော့နည်းကျဆင်းလာသည့်အတွက် တံတားအသစ်တစ်စင်းကို တည်ဆောက်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားခဲ့ခြင်းဖြစ်ကြောင်း။

အတတ်ပညာ

၎င်းတံတားကြီးကို တည်ဆောက်ရာတွင် မြန်မာအင်ဂျင်နီယာများ၊ ကျွမ်းကျင်ပညာရှင်များ၏ အတတ်ပညာနှင့် အတွေ့အကြုံများအပေါ် အခြေခံပြီး တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

ပိုမိုမြန်ဆန်

၎င်းတံတား ဖွင့်လှစ်နိုင်ခြင်းကြောင့် မန္တလေး-လားရှိုး-နမ့်ခမ်း-ဗန်းမော်လမ်း ကွန်ရက်၌ လမ်းပန်းဆက်သွယ်မှု ပိုမိုချောမွေ့လာမှာဖြစ်သကဲ့သို့ ဒေသထွက်ကုန်များကိုလည်း ပိုမိုမြန်ဆန်စွာဖြင့် ပို့ဆောင်ကုန်သွယ်နိုင်တော့မည် ဖြစ်ကြောင်း၊ ထို့အပြင် ဒေသ၏စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများသည်လည်း ပိုမိုဖွံ့ဖြိုးလာမှာ ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် လှမြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

ထိန်းသိမ်းစောင့်ရှောက်

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးစိုင်းသန်းဘဏ်က တံတားကြီးဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်သူများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယတိုင်းမှူးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာချုပ်(တံတား) တို့က ရွှေလီတံတား (နမ့်ခမ်း) ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် ဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များသည် ဧည့်ပရိသတ်များနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ရွှေလီတံတား(နမ့်ခမ်း) ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဒုတိယတိုင်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာများ ပက်ဖျန်းပေးကာ တံတားကို ဖြတ်သန်းကြည့်ရှုသည်။

ဘေလီကြိုးတံတား

ရွှေလီတံတား(နမ့်ခမ်း) တံတားအမျိုးအစားမှာ အပေါ်ထည်သံကူကွန်ကရစ် ဘေလီကြိုးတံတားဖြစ်သည်။ အောက်ထည်သံကူကွန်ကရစ်နှင့် အုတ်မြစ်ကို သံကူကွန်ကရစ်လွန်တူးပိုင်ဖြင့် တည်ဆောက်ထားပြီး စုစုပေါင်း တံတားအရှည်ပေ ၆၀၀၊ ယာဉ်သွား လမ်းအကျယ် ၂၄ပေရှိသည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၃၆တန်ဖြစ်သည်။

ယခုဖွင့်လှစ်သည့် ရွှေလီတံတား (နမ့်ခမ်း)မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀နှင့် အထက် တံတားများတွင် ၂၂၂ စင်းမြောက် တံတားဖြစ်ပြီး ရှမ်းပြည်နယ်အနေဖြင့် ၁၅ စင်းမြောက် တည်ဆောက်ဖွင့်လှစ်နိုင်သည့် တံတားဖြစ်သည်။

ရွှေလီတံတား(နမ့်ခမ်း)ကို ဖွင့်လှစ်ပေးခဲ့သည့်အတွက် မန္တလေး-လားရှိုး-နမ့်ခမ်း-ဗန်းမော်လမ်းကွန်ရက်မှာ လမ်းပန်းဆက်သွယ်မှု ပိုမိုချောမွေ့လာမည်ဖြစ်ပြီး ဒေသထွက်ကုန်များကိုလည်း ပိုမိုမြန်ဆန်စွာ ပို့ဆောင်ကုန်သွယ်နိုင်မည်ဖြစ်ရာ ၎င်းဒေသရှိ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

၎င်းတံတားကြီး ဖွင့်လှစ်ပေးချိန်တွင် မကွေးတိုင်းအတွင်း၌ ဝက်ခုတ်တံတား၊ တနင်္သာရီတိုင်းအတွင်း၌ ရေပုံးတံတားတို့ကို တစ်နေ့တည်း၊ တစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်း သုံးစင်း ဖွင့်လှစ်ပေးပြီး ယခင်မတ်လကလည်း တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ငဝန်တံတား(မြို့ကွင်း) နှင့် ပဲခူးမြစ်ကူးတံတား(ကဝ) တို့ကို ဖွင့်လှစ်ပေးခဲ့သည့်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် နှစ်လအတွင်း တံတား ငါးစင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၂၈ရက်က အစ္စရေးနိုင်ငံ လွတ်လပ်ရေးနေ့ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာသော ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Yaron Mayer ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၈ မှ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က မျက်စိရောဂါဝေဒနာရှင်များအား စမ်းသပ်ကုသပေးနေမှုကို ကြည့်ရှုအားပေးပြီး မျက်စိရောဂါဝေဒနာရှင်တစ်ဦးအား အခမဲ့ မျက်မှန်တပ်ဆင်ပေးသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က မျက်စိရောဂါဝေဒနာရှင်များအား အခမဲ့မျက်မှန်များ တပ်ဆင်ပေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လွိုင်မွေမြို့ရှိ ရပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ(လွိုင်မွေ)သို့ ရောက်ရှိရာ စက်ရုံတာဝန်ခံ ဦးအောင်ကျော်သန့်က ထပ်ဆင့်လွှင့်စက်ရုံတွင် စက်ပစ္စည်းများ တပ်ဆင်ထားရှိမှု၊ နေ့စဉ်ရုပ်မြင်သံကြား ထပ်ဆင့်ထုတ်လွှင့်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လွိုင်မွေဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ဆရာတော် ဘဒ္ဒန္တကောသလအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(လွိုင်မွေ)သို့ ရောက်ရှိရာ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသကြီးကြပ်ရေးမှူး ဦးစိန်မင်းနှင့် သင်တန်းကျောင်း ခေတ္တကျောင်းအုပ်ကြီး ဦးဇော်ဖြိုးတို့က သင်တန်းကျောင်းအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

တွေ့ဆုံနှုတ်ဆက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် သင်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသားများအား တွေ့ဆုံနှုတ်ဆက်ပြီး ကျောင်းသားများကို အတန်းပညာများ သင်ကြားပေးသည့်နည်းတူ စံနမူနာပြ စည်းကမ်းရှိသူ၊ အကျင့်စာရိတ္တကောင်းသူ၊ တရားဥပဒေ လေးစားလိုက်နာသူ၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်သူများဖြစ်ရေး လေ့ကျင့်သင်ကြားပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က သင်တန်းကျောင်းမှ ကျောင်းသားများအား ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တိုင်းမှူးတို့က ကျောင်းသားများအား ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များကို ထောက်ပံ့ပေးအပ်ကြသည်။

ကပ်လှူပူဇော်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လွိုင်မွေမြို့ရှိ စတုရဋ္ဌသုမင်္ဂလစေတီတော်သို့ရောက်ရှိပြီး စေတီတော်မြောက်ဘက်မုခ်တန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များဖြင့် ကပ်လှူပူဇော်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ပြန်လည်ရောက်ရှိ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွိုင်မွေမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဧပြီ ၂၈

"နာဂစ်ဒဏ်မှ ပြန်လည်နိုးထလာသည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ" နာဂစ် တစ်နှစ်ပြည့် သတင်းဆောင်းပါး၊ "ဧရာဝတီမြစ်ရေက အမြဲစီးဆင်းနေသလို ဧရာဝတီနဲ့တကွ သီတဂူကလည်း တစ်ပြည်လုံးမှာ ထောက်ပံ့ကယ်ဆယ်ရေးတွေ လုပ်နေတယ်"ဟု သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ မိန့်ကြား၊ နာဂစ်ပြန်လည် ထူထောင်ရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၅)၊ အမှတ် (၁၆)ထွက်ရှိလာသည်။

ထွက်ရှိလာ

ယင်းအပြင် ဆရာမောင်စူးစမ်း၏ "ရွေးကောက်ပွဲနိုင်ငံရေးသာလျှင် ဗဟိုချက်ဖြစ်" ပြည်တွင်းနိုင်ငံရေး စာမျက်နှာကဏ္ဍသစ်နှင့်အတူ မြန်မာ့ရုပ်ရှင်လောက နိုင်ငံတကာသို့ ထိုးဖောက်နိုင်ရန် တရုတ်-မြန်မာပူးပေါင်း ရိုက်ကူးပြသနိုင်ရေး ဆွေးနွေး၊ မော်ဒယ်သရုပ်ဆောင် ခရစ္စတီးနား မသေဆုံးပါ၊ အမေရိကန်တက္ကသိုလ် အဝေးသင်ဘွဲ့ ရယူနိုင်ပြီ၊ မြန်မာ-အင်ဒိုနီးရှားနိုင်ငံ စိုက်ပျိုးစီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မည်၊ သင်္ကြန်အပြီး ဖုန်းဈေးပြန်တက်၊ ပြောရေးဆိုခွင့် ရပ်ကွက်မှ **"လက်ဖက်နှင့် ဂယက်"** အကြောင်း၊ **"စိုင်းစိုင်းက မာနမကြီးပါ"** ဖျော်ဖြေရေး သတင်းအပါအဝင် ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိလာသည်။

စုံလင်စွာပါရှိ

အာရှတိုက်၏ မတည်ငြိမ်မှုရှိလာ၊ ကျူးဘားလူမျိုး အမေရိကန်နိုင်ငံသားများ ကျူးဘားသို့သွားရောက်ခွင့် ရရှိလင့်ကစား ကမ္ဘာ့စီးပွားပျက်ကပ်ကြောင့် မသွားရောက်နိုင်သေး၊ ကမ္ဘာပတ်စက်ဘီးစီးသူ ဂျပန်နိုင်ငံသား ၁၁နှစ်တာ ကာလအတွင်း ၁၂၄နိုင်ငံမြောက် ခရီးစဉ်အဖြစ် စင်ကာပူသို့ ရောက်ရှိ၊ ဟောင်ကောင်နှင့် ကနေဒါသုတေသနပညာရှင်တို့က တုပ်ကွေးဗိုင်းရပ်စ်ပိုး တားဆီးနိုင်သည့် ဒြပ်ပေါင်းတွေ့ရှိ၊ တရုတ်တွင် ရေအားသုံးအဏုမြူဓာတ်ပေါင်းဖို စတင်တည်ဆောက်၊ **"ဗြိတိသျှ ကျောင်းသူ အသတ်ခံရမှုကြောင့် တိုက်ခန်းအတူ ငှားရမ်းနေထိုင်သူ အမေရိကန်သူနှင့် သူမ၏ လက်တွဲဖော်အမျိုးသားစွဲချက်တင်ခံရ"** မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ **"ပြောရဦးမယ် သူတို့က ဒီလိုတဲ့"** ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန် ရည်ရွယ်

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း စခန်းဝင်လေ့ကျင့်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - ကိုထွေး

စာမျက်နှာပွဲ့စည်းမှု - မေသန်း (မြန်မာ့အလင်း)

ရန်ကုန် မေ ၂၈

၂၀၀၉ခုနှစ်သည် မြန်မာ့ဘောလုံးလောကအတွက် ထူးခြားသော နှစ်တစ်နှစ်ဟု ဆိုရပေမည်။ ယခင်က မြန်မာ့ဘောလုံးလောကတွင် အပျော်တမ်း ဘောလုံးပြိုင်ပွဲများသာ ရှိခဲ့ရာမှ မကြာမီရက်ပိုင်းအတွင်း ဆုကြေးစားဘောလုံးပြိုင်ပွဲတစ်ရပ်ကို ပထမဆုံးအကြိမ် အဖြစ် ကျင်းပနိုင်တော့မည် ဖြစ်သည်။

စောင့်ကြို

၂၀၀၉ခုနှစ်သည် မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းအတွက် ထူးခြားသော နှစ်ဖြစ်သကဲ့သို့ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း အတွက်လည်း နိုင်ငံတကာဘောလုံးပြိုင်ပွဲများက အသင့်စောင့်ကြိုလျက်ရှိပေသည်။

နိုင်ငံ့ဂုဏ်ဆောင်

မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံး အသင်းသည် နိုင်ငံတကာ ပြိုင်ပွဲများမှ အောင်နိုင်မှု ဆုတံဆိပ်များကို ဆွတ်ခူး ရယူပေးနိုင်ခဲ့သော နိုင်ငံ့ဂုဏ်ဆောင် ဘောလုံးအသင်း တစ်သင်းဖြစ်သည်။ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုဖလားကို အဝေးကွင်း၌ တစ်ကြိမ်၊ အိမ်ကွင်း၌တစ်ကြိမ် နှစ်ကြိမ် တိုင်တိုင် ဆွတ်ခူးရယူနိုင်ခဲ့သော မြန်မာ့ လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း ကို မေ့မေ့ပျောက်ပျောက် ထားနိုင်ကြ လိမ့်မည် မဟုတ်ချေ။

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းသည် ၂၀၀၉ခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲသုံးရပ်၌ ဝင်ရောက် ယှဉ်ပြိုင်ရန် ရည်ရွယ်၍ မတ် ၃ရက်မှ စတင်ကာ စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ် လျက်ရှိသည်။ မြန်မာ့လက်ရွေးစင် အမျိုး သမီးဘောလုံးအသင်း နည်းပြအဖွဲ့သည် လေ့ကျင့်ရေးစီမံချက်များ ရေးဆွဲ၍ နံနက် ပိုင်းတွင် စမ်းချောင်းမြို့နယ် ပဒုမ္မာ အားကစားကွင်း၌လည်းကောင်း၊ ညနေ ပိုင်းတွင် လူငယ်အားကစားလေ့ကျင့်ရေး စခန်း (သုဝဏ္ဏ) အမှတ်(၂) လေ့ကျင့်ရေး ကွင်း၌ လည်းကောင်း တနင်္လာနေ့မှ စနေနေ့အထိ ပုံမှန်လေ့ကျင့်လျက်ရှိသည်။

သတင်းရယူ

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်း၏ စခန်းဝင်လေ့ကျင့် ပြင်ဆင်မှုများနှင့်ပတ်သက်၍ မြန်မာ့ ဘောလုံး ပရိသတ်အား တင်ပြနိုင်ရန် အတွက် စမ်းချောင်းမြို့နယ် ပဒုမ္မာ အားကစားကွင်းသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်တွေ့ဆုံ၍ သတင်းရယူဖြစ်ခဲ့ သည်။

ခြေစမ်းကစားနေ

ဧပြီလ၏ အပူချိန်မြင့်မားမှုကြောင့် နံနက်နေထွက်သည်နှင့် ပူလောင်အိုက်စပ် မှုကို ခံစားကြရသော်လည်း မြန်မာ့ လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း သည် အပူဒဏ်ကိုမမှုဘဲ စမ်းချောင်း မြို့နယ် ပဒုမ္မာအားကစားကွင်း၌ နှစ်သင်း ခွဲ၍ ခြေစမ်းကစားလျက်ရှိသည်ကို တွေ့ရ သည်။

လူဟောင်း(လူကြီး)နှင့် လူသစ်(လူ ငယ်)တို့ကို အချိုးအစားမျှတစွာ ပေါင်းစပ် ဖွဲ့စည်းထားသော မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် နိုင်ငံ တကာပြိုင်ပွဲများ၌ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန် အပတ်တကုတ် ကြိုးစားလေ့ကျင့်လျက်ရှိ ကြသည်ကို ကြည့်ရှုရသည်မှာ အားတက် ကြည်နူးဖွယ်ရာပင် ဖြစ်သည်။ ချွေးတဒီးဒီး နှင့် မည်မျှပင် အပြင်းအထန်လေ့ကျင့်ကြရ သော်လည်း လေ့ကျင့်မှုရပ်နားချိန်တွင် အပြုံးမပျက်၊ အရယ်အမောမပျက် စကား ပြောနိုင်ကြသူများ ဖြစ်သည်။

ရှေးဦးစွာ မြန်မာ့လက်ရွေးစင် အမျိုး သမီး ဘောလုံးအသင်း၏ နည်းပြချုပ်

"အမျိုးသမီး ဂိုးသမားတွေကို လေ့ကျင့်ပေးရတာ အမျိုးသားဂိုးသမား တွေကို လေ့ကျင့်ပေးရတာနဲ့ မတူပါ ဘူး။"

ဦးမျိုးချစ်
ဂိုးနည်းပြ၊ မြန်မာ့လက်ရွေးစင်
အမျိုးသမီးဘောလုံးအသင်း

ဦးအေးကျူကြီးအား ဖွဲ့စည်းလေ့ကျင့်မှုနှင့် ပြိုင်ဘက်အသင်းများ၏ အနေအထားကို မေးမြန်းရာတွင် "ကျွန်တော်တို့ မတ် ၃ ရက်ကစပြီး စခန်းဝင်လေ့ကျင့်မှု ပြုလုပ် ခဲ့တာ ဒီနေ့အထိအနေအထားကို အားရ ကျေနပ်မှုရှိပါတယ်။ အတွေ့အကြုံရှိ ကစား သမားဟောင်းတွေနဲ့ အရင်က ဒဏ်ရာရရှိခဲ့ ဖူးသူတွေဟာ အခုဆိုရင် ပြန်လည်ကောင်း မွန်လာခဲ့ပါပြီ။ ကွဲ့ခိုင်မှုအပိုင်းမှာ အရင် လောက်အပြည့်အဝမရသေးပေမယ့် ပိတ် ရက်တွေမှာ အနားမယူဘဲ ဆက်တိုက် လေ့ကျင့်မှုပြုလုပ်နေတဲ့အတွက် တိုးတက်မှု ရှိလာတာ တွေ့ရပါတယ်။ ကစားနည်း၊ ကစားဟန်အရတော့ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းမှာ အမာခံ ဘောလုံးသမားတွေဟာ လူဟောင်းတွေ ဖြစ်တဲ့အတွက် ၃-၅-၂ပုံစံကို အခြေခံပြီး တိုက်စစ်၊ ခံစစ်ပိုင်းတွေကို Duty Function ပေးထားပါတယ်။ တစ်ဖက်အသင်း ရဲ့ အားနည်းချက်၊ အားသာချက်တွေကို ကြည့်ပြီး ပြောင်းလဲကစားနိုင်ဖို့အတွက် ၄-၄-၂ပုံစံကိုလဲ လေ့ကျင့်ပေးထားပါတယ်။ အာဆီယံဒေသတွင်းမှာ ပြိုင်ဘက်တွေဖြစ် တဲ့ ထိုင်းအသင်းဟာ လူငယ်တွေနဲ့ ဖွဲ့စည်း

"အတွေ့အကြုံရှိ ကစားသမား ဟောင်းတွေနဲ့ အရင်က ဒဏ်ရာရရှိခဲ့ဖူး သူတွေဟာ အခုဆိုရင် ပြန်လည်ကောင်း မွန်လာခဲ့ပါပြီ။"

ဦးအေးကျူကြီး
နည်းပြချုပ်၊မြန်မာ့လက်ရွေးစင်
အမျိုးသမီးဘောလုံးအသင်း

ထားတဲ့အသင်းဖြစ်လို့ ကွဲ့ခိုင်မှုနဲ့ ကျွမ်းကျင် မှုကောင်းတယ်။ ဗီယက်နမ်အသင်းကတော့ လူဟောင်းနဲ့လူသစ် ပေါင်းစပ်ဖွဲ့စည်းထားတဲ့ အသင်းဖြစ်ပါတယ်"ဟုပြောကြားသည်။

နည်းပြချုပ်

နည်းပြချုပ် ဦးအေးကျူကြီးသည် ၂၀၀၆ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ မြန်မာ့ လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းကို နည်းပြချုပ်အဖြစ် တာဝန်ယူခဲ့ပြီး ယခုအခါ တစ်ကျော့ပြန် တာဝန်ပေးအပ်ခံရခြင်းဖြစ် သည်။ နည်းပြချုပ် ဦးအေးကျူကြီး တာဝန် ယူခဲ့သည့် ကာလအတွင်း မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် တတိယ အကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ တွင် ချန်ပီယံဆုဖလား ဆွတ်ခူးရရှိခဲ့သည်။ ထို့အပြင် (၂၄)ကြိမ်မြောက် အရှေ့တောင် အာရှ အားကစားပြိုင်ပွဲ(ထိုင်း)၊ အာရှခြေစစ် ပွဲ(သြစတြေးလျ)၊ ပေကျင်းအိုလံပစ် ခြေစစ် ပွဲ [တရုတ်(တိုင်ပေ)]တို့တွင်လည်း မြန်မာ့ လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း၏ နည်းပြချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ သည်။

လက်ထောက်နည်းပြ ဦးအုန်းကြိုင်ကို လေ့ကျင့်မှုအပိုင်းနှင့်စပ်လျဉ်း၍ မေးမြန်းရာ တွင် "ကစားသမားတွေရဲ့ ကွဲ့ခိုင်မှုအပိုင်း ကို အဓိကတာဝန်ယူပြီး ဘောလုံးကျွမ်းကျင် မှု ကောင်းမွန်ဖို့ လေ့ကျင့်ပေးရပါတယ်။ အသက်(၁၉)နှစ်အောက် ဘောလုံးသမား တွေကို လက်ရွေးစင်အသင်းကြီးသို့ ခေါ် ယူလေ့ကျင့်ပေးခြင်းအားဖြင့် ပြိုင်ပွဲမှာ တိုက်ရိုက်အသုံးချလို့ရပြီး တချို့ကစားသမား တွေဆိုရင် နောင်နှစ်တွေမှာ အသင်းကြီးကို တက်ရောက်ကစားနိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ခြေစစ်ပွဲ

လက်ထောက်နည်းပြ ဦးအုန်းကြိုင် သည် ၂၀၀၅ခုနှစ်တွင် အသက်(၁၉)နှစ် အောက် အမျိုးသမီးဘောလုံးအသင်းကို တာဝန်ယူခဲ့ပြီး ၂၀၀၇ခုနှစ်တွင် အာရှခြေစစ် ပွဲအောင်မြင်ခဲ့သည်။ (ယူ-၁၉) အမျိုးသမီး ဘောလုံးအသင်းကို လက်ထောက်နည်းပြ အဖြစ် နိုင်ငံတကာပွဲ လေးပွဲ၊ (ယူ-၁၃) အမျိုးသမီးဘောလုံးအသင်းကို နည်းပြချုပ် အဖြစ် နိုင်ငံတကာပွဲ တစ်ပွဲ တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

ဂိုးသမား

ဂိုးနည်းပြဦးမျိုးချစ်အား ဂိုးသမားများ၏ အခြေအနေကို မေးမြန်းရာတွင်"အမျိုးသမီး ဂိုးသမားတွေကိုလေ့ကျင့်ပေးတာ အမျိုးသား ဂိုးသမားတွေကို လေ့ကျင့်ပေးရတာနဲ့

"ကစားသမားတွေရဲ့ ကွဲ့ခိုင်မှု အပိုင်းကို အဓိကတာဝန်ယူပြီး ဘောလုံး ကျွမ်းကျင်မှုကောင်းမွန်ဖို့ လေ့ကျင့်ပေး ရပါတယ်။"

ဦးအုန်းကြိုင်
လက်ထောက်နည်းပြ၊မြန်မာ့လက်ရွေးစင်
အမျိုးသမီးဘောလုံးအသင်း

မတူပါဘူး။ အမျိုးသမီးဂိုးသမားတွေကို တစ်ခုချင်းပြုပြင်ပြီး လက်တွေ့ကျကျ သင် ပေးရပါတယ်။ အမှားရှိရင်လည်း ချက်ချင်း ပြုပြင်ပေးရတယ်။ လက်ရှိ ဂိုးသမားတွေ ထဲမှာ မေခင်ယမင်းက နိုင်ငံတကာပွဲ အတွေ့အကြုံရှိတယ်။ ကျွန်တော့နှစ်ဦးကတော့ ပွဲအတွေ့အကြုံ နည်းနေသေးတယ်။ သူတို့ ရဲ့ ဆုံးဖြတ်ချက်တွေက မေခင်ယမင်းရဲ့ ဆုံးဖြတ်ချက်လောက် တိကျမှုမရှိသေးဘူး။ ပြိုင်ပွဲကစားတော့မယ်ဆိုရင် ဘောလုံးကို အာရုံစူးစိုက်ပြီး တစ်ဖက်လူရဲ့ ကန်ချက် ဘယ်လိုကန်မယ်ဆိုတာကို တွက်ဆမှုမှန်ကန် ဖို့၊ လျင်မြန်ဖျတ်လတ်မှုရှိဖို့၊ ဘောလုံးကို အမြန်ပြန်စဖို့၊ အနိမ့်အမြင့် ပြောင်းရွှေ့ဖမ်း နိုင်ဖို့ စတာတွေနဲ့ ပတ်သက်ပြီး ကျေညက် မှုရှိအောင် လေ့ကျင့်ပေးရပါတယ်"ဟု ပြော ကြားသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံး အသင်းသည် အားကစားဖြင့် နိုင်ငံ့ဂုဏ် ဆောင်နိုင်ရေးအတွက် နေပူမရှောင် မိုးရွာ မရှောင် လေ့ကျင့်ရေးကွင်း မြက်ခင်းစိမ်းများ ပေါ်၌ အစွမ်းကုန် လေ့ကျင့်ပြင်ဆင်လျက်ရှိ။

ဂိုးနည်းပြ ဦးမျိုးချစ်သည် ယခင်က လည်း အမျိုးသမီးဘောလုံးအသင်း၏ ဂိုး နည်းပြအဖြစ် တာဝန်ယူခဲ့ဖူးပြီး ယခုကဲ့သို့ တစ်ကျော့ပြန်တာဝန်မယူမီကာလအတွင်း မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံး အသင်း၏ ဂိုးနည်းပြအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သူဖြစ်သည်။

"စိတ်ဓာတ်ရေးရာအရတော့ ဘယ် အချိန်မှာပဲ ကစားကစား အမြင့်ဆုံးမှာပဲ ရှိကြပါတယ်။"

စန်းစန်းမော်
အသင်းခေါင်းဆောင်
မြန်မာ့လက်ရွေးစင်
အမျိုးသမီးဘောလုံးအသင်း

စန်းစန်းမော်

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်း၏ အသင်းခေါင်းဆောင် လည်းဖြစ်၊ နောက်တန်းခံစစ်မှူးလည်းဖြစ်သူ စန်းစန်းမော်အား မေးမြန်းရာတွင် "လူ ဟောင်းတွေဟာ အသက်အရွယ်အရ အရင် ကလောက် လျင်မြန်မှုနဲ့ ကွဲ့ခိုင်မှု မရတော့ ပေမယ့် ဘောလုံးကျွမ်းကျင်မှုအပိုင်းနဲ့ နည်း စနစ်ကျွမ်းကျင်မှုအပိုင်းမှာ ပိုကောင်းလာ ပါတယ်။ လူသစ်တွေရဲ့အားနဲ့ပေါင်းစပ်ပြီး ကစားမှာဖြစ်လို့ ပြိုင်ဘက်တွေကို ကောင်း ကောင်း ယှဉ်ပြိုင်နိုင်ပါတယ်။ စိတ်ဓာတ် ရေးရာအရတော့ ဘယ်အချိန်မှာပဲ ကစား ကစား အမြင့်မားဆုံးမှာပဲရှိကြပါတယ်" ဟု ပြောကြားသည်။

ယှဉ်ပြိုင်မည်

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းသည် ၁၉၉၅ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ပထမဆု နှစ်ကြိမ်၊ ဒုတိယဆုသုံးကြိမ်၊ တတိယဆု သုံးကြိမ်ရရှိခဲ့သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ၂၀၀၉ ခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲသုံးပွဲ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ အာရှဖလား ခြေစစ်ပွဲ (AFC Women's Asian Cup)၊ အာဆီယံချန်ပီယံရှစ် (AFF Women's Championship)နှင့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (25th SEA Games) တို့ဖြစ်သည်။

သူတို့ပါဝင်

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင် အဖြစ် ဒေါ်မြတ်မြတ်ဦး၊ အုပ်ချုပ်သူ/ နည်းစနစ်တာဝန်ခံအဖြစ် ဦးအေးမောင် ကြီး၊ နည်းပြချုပ်အဖြစ် ဦးအေးကျူကြီး၊ လက်ထောက်နည်းပြအဖြစ် ဦးအုန်းကြိုင်၊ ဂိုးနည်းပြအဖြစ် ဦးမျိုးချစ်တို့က တာဝန် ယူ ဆောင်ရွက်ကြသည်။

အားကစားသမားများအဖြစ် **(ဂိုး)** မေခင်ယမင်း၊ မြဖူးငုံ၊ ဇင်မင်းထွန်း၊ **(နောက်တန်း)** မြင့်မြင့်အေး၊ သီတာဦး၊ စန်းစန်းမော်၊ စန်းစန်းသိန်း၊ မိုးမိုးဝါ၊ နေဇာလင်းလင်းအောင်၊ ယဉ်မင်းလှိုင်၊ စုစု ဝေ၊ အေးအေးမာ၊ ဇာခြည်ဦး၊ **(အလယ်တန်း)**နီလာမြင့်၊ မေသက်ဖြူ၊ သန်းသန်း ထွေး၊ သီရိမြတ်၊ စုပြည့်မွန်၊ သူဇာထွေး၊ သန္တာမိုး၊ အေးနန္ဒာလှိုင်၊ ခင်မိုးဝေ၊ နန်းနှင်းနှင်းထွေး၊ စန်းယုနိုင်၊ **(ရှေ့တန်း)** မိုင်နီလာထွေး၊ ရီရီဦး၊ အားလိုဝါးဖော၊ ခင်မာလာထွန်း၊ နန်းခမ်းမို၊ မာဂရက်မေရီ တို့ ပါဝင်ကြသည်။

အာရှဖလား အမျိုးသမီးဘောလုံး ပြိုင်ပွဲ ခြေစစ်ပွဲစဉ်များကို ဇူလိုင် ၄ရက်မှ ၇ရက်အထိ ကျင်းပမည်ဖြစ်ရာ လေ့ကျင့် ချိန် နှစ်လကျော်ရရှိဦးမည် ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံး အသင်းသည် လာမည့်ဇွန်လအတွင်း နိုင်ငံ တကာ ခြေစမ်းပွဲများကစား၍ အပြီးသတ် ကစားသမား၂၀ ရွေးချယ်မည်ဟု သိရသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းသည် အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် နေပူ မရှောင် မိုးရွာမရှောင် လေ့ကျင့်ရေးကွင်း မြက်ခင်းစိမ်းများပေါ်၌ အစွမ်းကုန်လေကျင့် ပြင်ဆင်လျက်ရှိကြောင်း သတင်းစကားပါး ဖော်ပြလိုက်ရပါသည်။ ။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း ပဒုမ္မာအားကစားကွင်း၌ ဤသို့ အစွမ်းကုန် လေ့ကျင့်လျက်ရှိကြသည်။

၂၀၀၉ခုနှစ်အတွင်း နိုင်ငံတကာ ပြိုင်ပွဲသုံးရပ်၌ ဝင်ရောက်ယှဉ်ပြိုင်ရန် ရည်ရွယ်၍ စခန်းဝင်လေ့ကျင့်လျက်ရှိသော မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံး အသင်းမှ နည်းပြနှင့်အားကစားသမားများ အား စမ်းချောင်းမြို့နယ် ပဒုမ္မာ အားကစား ကွင်း၌ ဤသို့တွေ့ရသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ညဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

မြန်မာ့ရုပ်မြင်သံကြား

၂၉-၄-၂၀၀၉ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၇:၅၀ ၅။ အဆိုပြိုင်ပွဲ
၈:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၁၀ ၇။ တေးဂီတအစီအစဉ်
၈:၂၀ ၈။ နားဝင်ပီယံသုလက်သံ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ **နမ္မတီးတံတား(ကံလှ)**
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄:၁၀ ၂။ အတီးပြိုင်ပွဲ
၄:၂၅ ၃။ တေးဂီတအစီအစဉ်
၄:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄:၅၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၅ ၆။ သီချင်းကြီးပဒေသာ
၅:၂၀ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၅:၃၀ ၈။ အကြော်ခံဆီအန္တရာယ်
၅:၄၀ ၉။ မူဟန်သွယ်သွယ်ဆိုကြမယ်
၅:၅၀ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆:၅၀ ၁၄။ လင်းသည်လှသည် LED
၇:၀၀ ၁၅။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၇:၃၀ ၁၆။ ရာသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေချစ်သက်တည်** (အပိုင်း-၁၇)
၂၁။ မြန်မာဗီဒီယိုဇာတ်လမ်း **အကြွင်းမဲ့ (သို့မဟုတ်) ကမ်းမဲ့သမုဒ္ဒရာ** ရဲအောင်၊ ကျော်ရဲအောင်၊ မင်းထက်ကျော်ဇင်၊ မို့မို့မြင့်အောင်၊ ချစ်စနိုးဦး (ဒါရိုက်တာ-မောင်မြတ်ဆွေ)
၂၂။ အစီအစဉ်ပြီး၏။

နေကာမျက်မှန်တပ်ဆင်

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တို့ အမ်းမြို့ အထွေထွေရောဂါကု ဆေးရုံ ကြီး (ခုတင်-၁၀၀)၌ ကျောက်ဖြူခရိုင် အတွင်းရှိ ငါးမြို့နယ်မှ မျက်စိဝေဒနာရှင် များအား အခမဲ့ ကွင်းဆင်းခွဲစိတ်ကုသမှု အောင်ပွဲအခမ်းအနားတွင် မျက်စိဝေဒနာ ရှင်များအား နေကာမျက်မှန်များ တပ်ဆင် ပေးကြစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် အမ်းမြို့အထွေထွေရောဂါကုဆေးရုံ(ခုတင်-၁၀၀)၌ ကျောက်ဖြူခရိုင် မြို့နယ်ငါးမြို့နယ်မှ မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းစမ်းသပ်စစ်ဆေး၊ ခွဲစိတ်ကုသမှုလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဧပြီ ၂၈

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးတင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ၂၇ရက်တွင် ရခိုင်ပြည်နယ် အမ်းမြို့ အထွေထွေရောဂါကုဆေးရုံကြီး (ခုတင်-၁၀၀)၌ ကျောက်ဖြူခရိုင်အတွင်းရှိ အမ်း၊ မြေပုံ၊ မအီ၊ မြောက်ဦးနှင့် ကျောက်ဖြူမြို့နယ် ငါးမြို့နယ်မှ မျက်စိဝေဒနာရှင်များအား မျက်စိရောဂါ အမျိုးအစားခွဲခြား သတ်မှတ်စစ်ဆေးခြင်း၊ မျက်စိခွဲစိတ်ကုသမှုခံယူနိုင်ရန် သွေးချို၊ ဆီးချိုနှင့် သွေးပေါင်များ စစ်ဆေးခြင်း၊ အတွင်းတိမ်၊ ရေတိမ်ဝေဒနာရှင်များအား ခွဲစိတ်ခန်း၌ အကြီးစားခွဲစိတ်ကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် အမ်းမြို့အထွေထွေရောဂါကု ဆေးရုံ (ခုတင်-၁၀၀)ရှိ ယာယီမဏ္ဍပ်၌ကျင်းပသည့် မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းခွဲစိတ်ကုသမှု အောင်ပွဲအခမ်းအနားသို့တက်ရောက်ကြပြီး မျက်စိဝေဒနာရှင်များအား နေကာမျက်မှန်များ တပ်ဆင်ပေးကြသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့နှင့်အတူ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာ ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှူး ဒေါ်မြသီဂီ၊ ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာကံညွန့်(ငြိမ်း)၊ မျက်စိအထူးကုဆရာဝန် ဒေါက်တာနီလာသိန်းနှင့် မျက်စိ အထူးကုဆရာဝန်များ၊ ပြည်နယ် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ မိုးကျော်၊ အမ်းမြို့အထွေထွေရောဂါကု ဆေးရုံမှ ဆရာဝန်များ၊ သူနာပြုများနှင့် ဆေးရုံဝန်ထမ်းများ၊ ရန်ကုန်မြို့မှ စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မျက်စိအထူးကု ဆရာဝန်များကမျက်စိခွဲစိတ်ပြီးသော မျက်စိဝေဒနာရှင်များအား ဆောင်ရန်၊ ရှောင်ရန်များကို ရှင်းလင်းပြောကြားပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့ကအမှာစကားပြောကြားကြသည်။

ဂုဏ်ပြုလက်ဆောင်များပေးအပ်

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် စေတနာရှင်၊ အလှူရှင်များက ကျောက်ဖြူခရိုင် အတွင်းရှိ အမ်း၊ မြေပုံ၊ မအီ၊ ကျောက်ဖြူ၊ မြောက်ဦးမြို့နယ်များမှ မျက်စိဝေဒနာရှင်များအား မျက်စိအခမဲ့ကွင်းဆင်း စမ်းသပ်စစ်ဆေး ခွဲစိတ်ကုသရာတွင် ပါဝင်ဆောင်ရွက်ခဲ့သော အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာကံညွန့်(ငြိမ်း)၊ မျက်စိအထူးကု ဆရာဝန် ဒေါက်တာနီလာသိန်း၊ ဒေါက်တာနုနုယဉ်၊ဒေါက်တာနန်းအိရွှေစင်၊ ဒေါက်တာအေးမြတ်ဦး၊ ဒေါက်တာ ခိုင်သူဇာဝင်း၊ ဒေါက်တာအောင်နေဦး၊ ဒေါက်တာ မာလာကြိုင်၊ဒေါက်တာလှိုင်းလှိုင်း၊ဒေါက်တာ ဝေနွယ်ဝင်း၊ ဒေါက်တာ မေကိုကိုသက်၊ ဒေါက်တာ နှင်းယုချစ်ဆိုင်၊ ဒေါက်တာ ခင်မြတ်စိုး၊ဒေါက်တာယုယုသိန်း၊ဒေါက်တာ သိန်းသန်းထိုက်၊ ဒေါက်တာ တင်ထွန်းဦး၊ ဒေါက်တာအောင်ကိုကိုထက်၊ ဒေါက်တာ ဆောင်းမို့မို့ဝင်း၊ သူနာပြုများနှင့် ALCON ကုမ္ပဏီမှ အင်ဂျင်နီယာတစ်ဦးတို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

ခွဲစိတ်ကုသ

အဆိုပါ မျက်စိအခမဲ့ ကွင်းဆင်း စမ်းသပ်စစ်ဆေး ခွဲစိတ်မှုလုပ်ငန်းများကို ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တို့၏ ကူညီပံ့ပိုးပေးမှု၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့် လူမှုရေးအသင်းအဖွဲ့များ၊ ရန်ကုန်မြို့မှ စေတနာရှင်၊ အလှူရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ဧပြီ ၂၅ ရက်မှ၂၇ရက်အထိ အမ်းမြို့အထွေထွေရောဂါကုဆေးရုံခုတင်(၁၀၀)၌ ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာကံညွန့် (ငြိမ်း) ဦးဆောင်သော အထူးကုဆရာဝန်နှင့် လက်ထောက် ဆရာဝန်များက အမ်း၊ မအီ၊ မြေပုံ၊ ကျောက်ဖြူ၊ မြောက်ဦးမြို့နယ်များမှ မျက်စိဝေဒနာရှင် ၁၈၉၇ဦးအား အခမဲ့ စမ်းသပ်ကုသပေးခဲ့ပြီး အတွင်းတိမ်လူနာ၃၂၁ဦးအား အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့သည်။

လှူဒါန်းခဲ့

ယင်းခရီးစဉ်အတွက် လိုအပ်သော ဆေးဝါးပစ္စည်းများနှင့် ကုန်ကျစရိတ်အဝဝကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ပို့ဆောင်ရေး ဝန်ကြီးဌာနနှင့် အလှူရှင်များဖြစ်ကြသော ဒေါက်တာမောင်မောင်အေး-ဒေါ်ခင်မိမိ လှိုင် (မိုးထက်ကမ္ဘာကုမ္ပဏီ)၊ ဦးဝင်းလွင်-ဒေါ်မြတ်မြတ်မော် (ကျော်သာကုမ္ပဏီ) နှင့် ဦးအောင်မြတ် (Mother Trading ကုမ္ပဏီ) တို့က လှူဒါန်းခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ရှင်းလင်းပြောကြား

မျက်စိအထူးကု ဆရာဝန်များက မျက်စိခွဲစိတ်ပြီးသော မျက်စိဝေဒနာရှင် များအား ဆောင်ရန်၊ ရှောင်ရန်များကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်း ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ဟိုပုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ဝင်ဆိုင်းဘုတ် မြေယာရှုခင်းအလှပြုပြင်ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (ပြည်နယ်စည်ပင်)

အောင်မြေသာစံ၌ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းဆောင်ရွက်

မန္တလေး ဧပြီ ၂၀

၂၀၀၉ခုနှစ် ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းဆောင်ရွက်မှုကို ဧပြီ၄ရက် နံနက်၇နာရီက အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်နိုင်၊ မြို့နယ်အတွင်းရေးမှူး ဒေါ်မွေးမွေးကိုနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်နန်းမာလာ ဆွေတို့ ကြည့်ရှုအားပေးကြသည်။ (၀၉၀)

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ပြီးစီးသော မိုးညှင်းမြို့ စဝ်စံထွန်းလမ်း ကတ္တရာလမ်းသစ်ကို မတ် ၂၅ ရက်က နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအေးမင်းသိန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းဟန်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (၀၀၂)

ရွာင်မြို့နယ် ခေတ်ရွှေ့ဆောင်စာကြည့်တိုက်သို့ အလှူငွေနှင့်စာအုပ်များ ပေးအပ်လှူဒါန်း

ရွာင် ဧပြီ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာင်မြို့နယ် ကျောက္ကူပြင်ကျေးရွာ ခေတ်ရွှေ့ဆောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်နှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂ရက် နံနက်၉နာရီက ကျောက္ကူပြင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီ၊ ခရိုင်ဦးစီးအရာရှိ ဒေါ်မေလွင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသက်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများ၊စာကြည့်တိုက်ကော်မတီဝင်များနှင့် ဒေသခံရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီက လှူဒါန်းပွဲ ကျင်းပရခြင်းနှင့် စာကြည့်တိုက်တွင် ရှိရမည့် စံ(၅)ချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်နိုင်ဦးက စာကြည့်တိုက်ဆောက်လုပ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လှူဒါန်းပွဲကိုကျင်းပရာ ရောမင်းသိန်း ဆောက်လုပ်ရေးကုမ္ပဏီမှ လှူဒါန်းသော အလှူငွေကျပ်နှစ်သိန်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသက်နိုင်ဦးကလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေလွင်က စာအုပ်များကိုလည်းကောင်းပေးအပ်လှူဒါန်းရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးချိုမြင့်က လက်ခံယူကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြို့နယ် သတင်းများ

မော်လမြိုင်နှင့် သထုံခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ခင်၊ မော်လမြိုင်မြို့နယ် ဦးစီးအရာရှိ ဦးထွန်းအေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မော်လမြိုင်မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ ဧပြီ ၂၄ရက်က မော်လမြိုင်မြို့နယ်မြိုင်သာယာရပ်ကွက်ရှိသစ်တောဦးစီးဌာန၏ အမြဲတမ်း မျိုးဥယျာဉ်၌ သစ်မာ ယူကလစ်ပင်များ မျိုးထောင်ဖြစ်ထွန်းနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

(၀၁၄)

ဖန်းမော်၌ ပန်းအလှပင်များ ပြုစုပျိုးထောင်

ဖန်းမော် ဧပြီ ၂၂

ဖန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မေတ္တာမွန်ဥယျာဉ်အတွင်း အရိပ်ရပင်များ၊ ပန်းအလှပင်များ၊ ပျိုးပင်များ ပြုစုပျိုးထောင်ထားရှိမှုအခြေအနေကို ဧပြီ ၄ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချို ကွင်းဆင်းစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်ဇော်ဦးက လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဘီးလင်းအထက မြတ်ဆရာပူဇော်မည်

ဘီးလင်း ဧပြီ ၂၇

မွန်ပြည်နယ် ဘီးလင်းအထက်တန်းကျောင်း သတ္တမအကြိမ် မြတ်ဆရာပူဇော်ပွဲကို မေ ၁ရက် (အလုပ်သမားနေ့) နံနက်၈နာရီတွင် ဘီးလင်းအထက ပညာ့အားမာန် ခန်းမဆောင်၌ကျင်းပမည်ဖြစ်ရာ အသက် (၆၀)ပြည့် ဆရာကြီး ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်အပူဇော်ခံပါရန်နှင့် ကုသိုလ်ပါဝင်လှူဒါန်းလိုသူများ ဒေါ်ခင်ထွေးမြင့် ဖုန်း-၀၉-၅၁-၂၁၈၂၈၊ ဦးစံ ဖုန်း-၀၁-၃၈၅၉၀၃၊ ဦးမောင်မောင် (မြို့နယ်ပညာရေးမှူး) ဖုန်း-၀၅၇-၆၄၀၂၄၊ ဦးဆန်းအောင် ဖုန်း-၀၅၇-၆၄၀၀၆၊ ဦးသန်းအောင် ဖုန်း-၀၅၇-၆၄၀၇၈နှင့် ဦးမြင့်ဦး ဖုန်း-၀၅၇-၆၄၀၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ပညာရေး)**

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး အသိပညာပေးဆွေးနွေးပွဲ မြင်းမူ၌ကျင်းပ

မြင်းမူ ဧပြီ ၁၈

မြင်းမူမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ကကြီးမှူး၍ အမျိုးသားကာကွယ်ရေး ပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် မြို့နယ်အဆင့်အသိပေးဆွေးနွေးပွဲ အခမ်းအနားကို မတ်၃၁ရက် နံနက် ၁၀ နာရီက မြင်းမူမြို့ ရွှေပြည်သစ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကိုယ်စား ဦးဝင်းအောင်က ကျန်းမာရေးနှင့်လျော်ညီအောင် သန့်ရှင်းသော ပတ်ဝန်းကျင်ဖြစ်မြောက်ရေးဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မညိုက မြို့ပေါ်ရပ်ကွက်အလိုက် သန့်ရှင်းရေးဆောင်ရွက်ထားရှိရေး လုပ်ငန်းတို့ကို လည်းကောင်း ဆွေးနွေးပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သောင်းက လိုအပ်သည်များကို ဖြည့်စွက်ပြောကြားသည်။

အမျိုးသားကျန်းမာရေးပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်အနေဖြင့် မြင်းမူမြို့နယ်တစ်မြို့နယ်လုံးတွင် ဧပြီ ၄ရက်မှစတင်၍ မြို့ပေါ်ရပ်ကွက်များနှင့်ကျေးရွာများပါမကျန် ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျိုင်းတုံမြို့ ဘိုးဘွားရိပ်သာ၏ အာဟာရရန်ပုံငွေအတွက် အထွေထွေရောဂါကုသမားတော် ဒေါ်သန္တာချို၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ကျိုင်းတုံ အထွေထွေရောဂါကုဆေးရုံကြီးမှ မျက်စိရောဂါအထူးကု ဒေါက်တာကျော်စိုး - သမားတော် ဒေါ်သန္တာချိုနှင့် သမီး မဖြူဖူးသစ်မိသားစုတို့က အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာကြီးကြပ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်စိုး လက်ခံယူစဉ်။ (ကျိုင်းတုံ ဘိုးဘွားရိပ်သာ)

မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် ပြည်သူလူထုပါဝင်ဆောင်ရွက်ရေး နှိုးဆော်ချက်

မီးဘေးအန္တရာယ်လုံခြုံကင်းဝေးရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် မီးသတ်တပ်ဖွဲ့ဝင်များ ဆောင်ရွက်လျက်ရှိရာ ပြည်သူများဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို အောက်ပါအတိုင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) **မီးမလောင်မီ (ပြည်သူတို့၏ တာဝန်)**

(၁) သက်ဆိုင်ရာ မီးဘေးကာကွယ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှလည်းကောင်း၊ မီးသတ်တပ်ဖွဲ့မှလည်းကောင်း တရားဝင် ချမှတ်ထားသော စည်းကမ်းများကို လိုက်နာဆောင်ရွက်သွားရန်၊

(၂) ရပ်ကွက်အလိုက် မီးကင်းများချထားရေးတွင် ပါဝင်ဆောင်ရွက်ရန်၊

(၃) မီးသတ်တပ်ဖွဲ့မှ တစ်အိမ်တက်ဆင်း စစ်ဆေးသည့်အခါကူညီရန်၊ စစ်ဆေးမေးမြန်းသည့်အခါ ဖြေကြားရှင်းလင်းပေးရန်နှင့် ပေးသည့် အကြံဉာဏ်များကို လိုက်နာရန်၊

(၄) ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မီးဘေးတားဆီးရေးအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပါဝင်လှုပ်ရှားကြရန်နှင့် အသိပညာပေး ပြန့်ပွားမှုပြုလုပ်ရန်၊

(၅) မိမိကြောင့် အခြားသူများ နစ်နာမှုမရှိစေရန် မိမိမှစ၍ မီးမလောင်စေရေးကိုခံယူပြီး ကြိုတင်ကာကွယ်ရေး အစီအစဉ်များ ဆောင်ရွက်ရန်၊

(၆) အဆောက်အအုံတိုင်း၊ အိမ်တိုင်းတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ အသင့်ထားရှိရန်၊

(၇) မီးလောင်လျှင် မီးလောင်ကြောင်း အချက်ပေးနိုင်ရန် သံချောင်း၊ အုန်းမောင်း၊ ကုလားတက်၊ ဖားစည်၊ မောင်း အစရှိသည့် အချက်ပေး ကိရိယာကို အသင့်ထားရှိရန်၊

(၈) ခြောက်သွေ့သော ရာသီအချိန်များတွင် တဲအိမ်များ၌ လေတိုက်မှုမှ ကာကွယ်သည့် မြေစိုက်မီးဖိုများ ပြုလုပ်သုံးစွဲရန်နှင့် မီးကွင်းမီးကျန်များကို ငြိမ်းသတ်ထားရန်၊

(၉) အရိပ်ရပင်၊ လေကာပင်များအား ထိန်းသိမ်းခြင်း၊ ပြုစုပျိုးထောင်ခြင်း၊ အသစ်တိုးချဲ့စိုက်ပျိုးခြင်းများအား ပြုလုပ်ထားရန်၊

(၁၀) မီးသတ်ယာဉ်/စက်များ အစဉ်အမြဲကောင်းနေစေရန်အတွက် လှူဒါန်း ပံ့ပိုးပေးရန်။

(ခ) **မီးလောင်စဉ် (ပြည်သူတို့၏ တာဝန်)**

(၁) မီးလောင်မှု ဖြစ်ပွားပါက အနီးဆုံးမီးသတ်စခန်းသို့ အမြန်ဆုံးနည်းဖြင့် သတင်းပို့ အကြောင်းကြားရန်၊

(၂) မီးသတ်စက်များမရောက်မီ ရှေးဦးမီးငြိမ်းသတ်ရေး နည်းလမ်းအရ ရေပုံးများဖြင့်လည်းကောင်း၊ ရရာပစ္စည်းများဖြင့်လည်းကောင်း အသုံးပြု၍ မီးပြန့်ပွားခြင်းမရှိအောင် ထိန်းသိမ်းငြိမ်းသတ်ရန်၊

(၃) မီးလောင်ပြင်သို့ မီးငြိမ်းသတ်ရန် ရောက်ရှိလာသော မီးသတ်ယာဉ်စက်များအား ဝင်လမ်း၊ ထွက်လမ်းနှင့် ရေအမြဲတမ်းရရှိနိုင်မည့်နေရာများသို့ ညွှန်ပြရန်၊

(၄) မီးလောင်ရာ ပတ်ဝန်းကျင်ရှိ အိမ်ခေါင်မိုးများသို့ လည်းကောင်း၊ မီးလောင်မှုကြောင့် လွင့်ပျံ့နေသော မီးပွားများကိုလည်းကောင်း ရေပက်ဖျန်း၍ ငြိမ်းသတ်ပေးရန်၊

(၅) မီးလောင်မှုဖြစ်ပွားရာတွင် ပွဲကြည့်ပရိသတ်သဖွယ် ဝိုင်းအုံကြည့်မနေဘဲ ကူညီငြိမ်းသတ်ပေးခြင်း၊ ဝင်ရောက်စွက်ဖက်သူများ၊ နှောင့်ယှက်သူများ၏ အန္တရာယ်မှ ကာကွယ်ပေးခြင်းတို့ဖြင့် ကူညီပေးကြရန်။

မီးသတ်ဦးစီးဌာန

ဖန်းမော်စည်ပင် ပင်စင်ကုန်းတံတား ပြုပြင်ဆောင်ရွက်

ဖန်းမော် ဧပြီ ၂၄

ဖန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် လုပ်ငန်းဖြစ်သော ပင်စင်ကုန်း သစ်သားတံတားပြုပြင်ဆောင်ရွက်ပြီးစီးမှုကို ဧပြီ ၂ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချို ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်လွင်ဦးက ရှင်းလင်းတင်ပြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရေဦးမြို့၌ လူထုအသိပညာမြှင့်တင်ရေး ဖွံ့ဖြိုးရေး လုပ်သားသင်တန်းဖွင့်

ရေဦး ဧပြီ ၂၀

ရွှေဘိုခရိုင်ရေဦးမြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် CARE MYANMAR အဖွဲ့ ပူးပေါင်းဆောင်ရွက်သော လူထုအသိပညာမြှင့်တင်ရေး ဖွံ့ဖြိုးရေးလုပ်သား သင်တန်းဖွင့်ပွဲကို ဧပြီ ၇ရက် နံနက် ၉နာရီက ကျင်းပရာ တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာသန်းထိုက်**(အပေါ်ပုံ)**၊ မြို့နယ်အတွင်းရေးမှူး ဦးသန်းဦး၊တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာလှလှပြုံးနှင့် CARE MYANMAR တာဝန်ခံ ဒေါ်နွဲ့နွဲ့ဝင်းတို့က ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ကျေးရွာအုပ်စု ၂၀မှ သင်တန်းသား ၂၀ တက်ရောက်ကြောင်း သိရသည်။ (၁၈၂)

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ယာဉ်၊ တပ်ဖွဲ့ဝင်များ အသင့်ရှိရေး ပညာပေး

မန္တလေး ဧပြီ ၁၈

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် ရုံးချုပ် ဒုတိယညွှန်ကြားရေးမှူး ဦးသင်းဌွေးရွှေ၊ မန္တလေးတိုင်း မီးသတ်ဦးစီးမှူး ဦးတင်မင်း၊ မန္တလေးခရိုင်အရန်မီးသတ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ လိုက်ပါလျက် မတ် ၂၁ရက်က ပြည်ကြီးတံခွန်မြို့နယ် သန္ဓေစခန်းသို့ သွားရောက်စစ်ဆေးသည်။**(အပေါ်ပုံ)**

ပညာပေးဟောပြော

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင်များအားစစ်ဆေးပြီး စခန်းအစည်းအဝေးခန်းမတွင် မီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ယာဉ်၊ တပ်ဖွဲ့ဝင်များ အသင့်အနေအထားရှိရေး ကွင်းဆင်းစစ်ဆေး ပညာပေးဟောပြောရေးတို့ကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်ဦးက မြို့နယ်မီးဘေးကြိုတင်ကာကွယ်ရေး၊ ယာဉ်နှင့်တပ်ဖွဲ့ဝင်များ အသင့်အနေအထားရှိရေး ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ မှာကြားသည်။ (၀၉၀)

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဘုရားကိုင်ချောင်း ကျောက်တန်းစီ ဆောင်ရွက်မှုကို မတ် ၁၇ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ရွှေတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးညွှန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ကျောက်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ကံကော်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ရွှေကူမြို့နယ်စည်ပင် ကျောက်ချောလမ်းခင်း

ရွှေကူ ဧပြီ ၁၉

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးသော ရွှေကူ-သိန်းဟွန်း ကျောက်ချောလမ်း ဒုတိယပိုင်း အလျား ပေ ၂၈၅၀၊ အကျယ်၁၂ပေ ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မတ် ၃၁ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချိုနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်အောင်နီနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းနိုင်တို့က လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မိုးကောင်းစည်ပင် ကျေးရွာချင်းဆက်လမ်း တိုးချဲ့ဖောက်လုပ်

မိုးကောင်း ဧပြီ ၁၅

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ရေရှင်-မလန်းကထောင်း ကျေးရွာချင်းဆက်လမ်း၊ မြေသားလမ်းတိုးချဲ့ဖောက်လုပ်ခြင်းနှင့် မြေသားတင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့ ဧပြီ ၆ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းကိုက်ညီရေးနှင့် ရာသီမရွေးသွားလာနိုင်သော လမ်းဖြစ်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (၀၀၁)

မြို့နယ် သတင်းများ

မုဒုံမြို့နယ်၌ ယူကလစ်သားဖြင့် အိမ်ရာဆောက်လုပ်

ရန်ကုန် ဧပြီ ၂၈

သစ်တောရေးရာဝန်ကြီးဌာန၏ လုပ်ငန်းညွှန်ကြားချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် မွန်ပြည်နယ် မုဒုံမြို့နယ် သစ်တောဦးစီးဌာနက တာပသွန် အမြဲတမ်းပျိုးဥယျာဉ်၌ သစ်မာယူကလစ်သားဖြင့် ဆောက်လုပ်ပြသထားသည့် အိမ်ရာ **(အောက်ပုံ)**ကို မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းအေးနှင့် ဝန်ထမ်းများ၊ ရိုးဂိုးနှင့် ဖားအောက်ကျေးရွာတို့မှ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်း ၁၀၀ခန့်တို့သည် ဧပြီ၁၀ရက်က သွားရောက်ကြည့်ရှု လေ့လာကြရာ မုဒုံမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမန်းတင်ထွန်းကြည်က အိမ်ရာနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်ရှိလာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီးကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနားရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရ အေးမြသောနေရာများတွင် နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင်သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ကတ္တရာထပ်ပိုးလွှာခင်း

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် ကမ်းနားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို ဧပြီ ၁၈ရက်က စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလင်းထွဋ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်တိုးတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ရေစကြိုမြို့နယ်၌ ရှင်းလင်းဆွေးနွေး

ရေစကြို ဧပြီ ၁၈

ရေစကြိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းယုမော်နှင့် ဝန်ထမ်းများသည် မတ် ၂၅ရက်နှင့် ၂၆ရက်တို့က ညောင်တော၊ ဇီးကျွန်း၊ သပြေပင်၊ ဇီးတော၊ မအူအလယ်၊ မအူအောက်ဆိပ်နှင့် ပရိမ်သာကျေးရွာ အုပ်စုများသို့ သွားရောက်၍ စာကြည့်တိုက်ကော်မတီဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးသတ်မှတ်ထားသည့် စံ(၅)ချက်နှင့် အညီ ဆောင်ရွက်သွားရန်နှင့် စာငှားကတ်စနစ်ကျင့်သုံးရေး၊ နေ့စဉ်ထုတ်သတင်းစာ ဝယ်ယူဖတ်ရှုနိုင်ရေး နည်းလမ်းများကို ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး မတ် ၅ရက်က ပုလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း သန့်ရှင်းသာယာလှပရေး၊ ဈေးမီးဘေးလုံခြုံရေးအတွက် မီးသတ်ရေလှောင်ကန်၊ မီးသတ်ရေစုပ်စက်၊ မီးသတ်ဆေးဘူး တပ်ဆင်ဆောင်ရွက်မှုအခြေအနေကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဇီဝလျှပ်သို ဘိုင်အိုဘက်ထရီ မီးလင်းရေး ပြုလုပ်နည်းနှင့် အသုံးပြုနည်းသရုပ်ပြသ

ဆားလင်းကြီး ဧပြီ ၂၀

ဇီဝလျှပ်သို ဘိုင်အိုဘက်ထရီမီးလင်းရေး ပြုလုပ်နည်းနှင့် အသုံးပြုနည်း သရုပ်ပြပွဲကို ဧပြီ ၁၁ရက် မွန်းလွဲ၂နာရီက ဆားလင်းကြီးမြို့နယ် ဖောင်းကတာစံပြ ကျေးရွာ စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်က ဇီဝလျှပ်သို ဘိုင်အိုဘက်ထရီမီးလင်းရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ဆားလင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မျိုးအောင်က ဇီဝလျှပ်သို ဘိုင်အိုဘက်ထရီမီးလင်းရေး ပြုလုပ်နည်းနှင့် အသုံးပြုနည်းအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော ပြည်သူများက အဆိုပါရှင်းလင်းချက်များမှ သိလိုသည်များကို မေးမြန်းရာ ဆားလင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးတင်မျိုးအောင်က ရှင်းလင်း ဖြေကြားပေးသည်။

တက်ရောက်

အဆိုပါ ဇီဝလျှပ်သို ဘိုင်အိုဘက်ထရီ မီးလင်းရေး သရုပ်ပြပွဲသို့ ပုလဲမြို့နယ်၊ ယင်းမာပင်မြို့နယ်နှင့် ဆားလင်းကြီးမြို့နယ်များမှ ဌာနဆိုင်ရာများနှင့် ဖောင်းကတာစံပြ ကျေးရွာပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက် ရေရှည်တည်တံ့ရေး ကော့ကရိတ်၌ ဆွေးနွေး

ကော့ကရိတ် ဧပြီ ၁၀

ကော့ကရိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်မျိုးဝင်းနှင့် ဝန်ထမ်း နှစ်ဦးလိုက်ပါ၍ မတ် ၂၃ ရက်က ကော့ကရိတ်ခရိုင် တမိုင်ကုန်း ကျေးရွာစာကြည့်တိုက်သို့ သွားရောက်၍ စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံရာ စာကြည့်တိုက်ရေရှည်တည်တံ့ရေး၊ စံ(၅)ချက်နှင့်ညီသည့် စာကြည့်တိုက်ဖြစ်ပေါ်ရေးတို့ကို ဆွေးနွေးကြသည်။ (ခရိုင် ပြန်/ဆက်)

လက်ပံတန်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့သို့ ဂုဏ်ပြုငွေ၊ ဝတ်စုံနှင့် ရေပက်ပိုက်များပေးအပ်

လက်ပံတန်း ဧပြီ ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့ မီးသတ်စခန်းသို့ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၁ ရက်နံနက် ၁၁ နာရီကရောက်ရှိပြီး ညွှန်ကြားရေးမှူးချုပ်က မော်တော်ယာဉ်များ ကွင်းခိုင်မှုများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဥက္ကဋ္ဌနှင့်မြို့နယ်မီးဘေးကာကွယ်တားဆီးရေးကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် အရန်မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး အရန်မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများအား ဂုဏ်ပြုငွေ၊ ဝတ်စုံနှင့် ရေပက်ပိုက်များကိုပေးအပ်သည်။

ဆက်လက်၍ အခြေခံပညာအလယ်တန်းကျောင်း (မြို့မ)နှင့် မြို့နယ်ပြည်သူ့ဆေးရုံတို့တွင် အလှူငွေများပေးအပ်လှူဒါန်းပြီး ကွမ်းခြံအုပ်စု ကျေးနီကျေးရွာရှိ စာကြည့်တိုက်သို့ စာအုပ်များ လှူဒါန်းသွားကြောင်း သိရသည်။ (၁၃၅)

ပင်းတယမြို့ တမဲ-ပွေးလှမြေသားလမ်းသစ်ကို ဧပြီ ၃ ရက်က တမဲကျေးရွာပြည်သူများ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လျက်ရှိရာသို့ မြို့နယ်ဥက္ကဋ္ဌ ဦးတင်လတ်၊ အတွင်းရေးမှူး ဒေါ်ချိုဝေလွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

မြင်းမူ၌ အလှူရှင်စက်ရေတွင်းဖွင့်

မြင်းမူ ဧပြီ ၂၀

မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် အလှူရှင်စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို ဧပြီ၄ရက် မွန်းတည့်၁၂နာရီက မြင်းမူမြို့နယ် စံတင်ကင်းကျေးရွာစက်ရေတွင်းရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ စက်ရေတွင်းဖွင့်ပွဲအထိမ်းအမှတ်အလံကို ပေးအပ်ပြီး စက်ရေတွင်း အလှူရှင် Fuji Sawa Shonal Rothry Clubမှ ကိုယ်စားလှယ်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒေသခံကျေးရွာပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဇော်က စက်ရေတွင်းနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ရေပေးဝေနိုင်

ယခုလှူဒါန်းသော စက်ရေတွင်းမှာ ငွေကျပ် ၂၆ သိန်းကျော်ကုန်ကျပြီး တစ်နာရီလျှင် ဂါလန် ၁၂၀၀ ရေပေးဝေနိုင်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်းများ

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ရေရှင်-မလန်းကထောင်း ကျေးရွာချင်းဆက်မြေသားလမ်းတိုးချဲ့ဖောက်လုပ်မှုနှင့်မြေသားတင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဧပြီ ၆ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ (၀၀၁)



မှုခင်းသတင်း
သမီးဖြစ်သူအား ငွေကျပ်၂၀၀၀ ခိုးယူသည်ဟု စွပ်စွဲသဖြင့် မောင်နှမနှစ်ယောက် စကားများရန်ဖြစ်ရာမှ လူသတ်မှု မလှိုင်မြို့နယ်တွင် ဖြစ်ပွား

မလှိုင် ဧပြီ ၂၆

သမီးဖြစ်သူအား ငွေကျပ်၂၀၀၀ ခိုးယူသည်ဟု စွပ်စွဲပြောဆိုသဖြင့် မောင်နှမနှစ်ယောက် စကားများရန်ဖြစ်ရာမှ မောင်ဖြစ်သူက အစ်မဖြစ်သူအား တုတ်ဖြင့်ရိုက်လိုက်ရာမှ အစ်မဖြစ်သူသေဆုံးမှု မတ်၉ရက် နံနက်က မလှိုင်မြို့နယ်၌ ဖြစ်ပွားသည်။

ဖြစ်ပွားပုံမှာ မတ် ၉ ရက် နံနက် ၈နာရီခွဲက မလှိုင်မြို့ ကျွဲခြံကျေးရွာနေ ဒေါ်ခွေး (၆၅)နှစ်(ဈေးရောင်းသူ)က မောင်အရင်းဖြစ်သူ ဖိုးအေး (၄၇)နှစ်၏သမီး မနုနုအေးအား ငွေကျပ်၂၀၀၀ ခိုးယူသည်ဟု စွပ်စွဲပြောဆိုသဖြင့် ဖိုးအေးက ဒေါ်ခွေး၏ နေအိမ်ဝိုင်းအတွင်း သွားရောက်စကားများရန်ဖြစ်ရာမှ အနီးရှိတုတ်ဖြင့် ဒေါ်ခွေးအား ရိုက်လိုက်ရာ နဖူးတွင် ချိုင့်ဝင်ဒဏ်ရာတစ်ချက်၊ ယာဘက်ချိုစောင်း အက်ကွဲဒဏ်ရာ တစ်ချက်ရရှိကာ နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။ ထိုသို့ သေဆုံးမှုကြောင့် ကျွဲခြံကျေးရွာဥက္ကဋ္ဌဦးကျော်ဝင်းက အစ်မဖြစ်သူအား တုတ်ဖြင့်ရိုက်သတ်သူ ဖိုးအေးကို အရေးယူပေးရန်တိုင်ကြားသဖြင့် နှောကန်ရဲစခန်းက ဖိုးအေးအား (ပ)(၇/၂၀၀၉) ပုဒ်မ၃၀၂ဖြင့် အမှုဖွင့်အရေးယူထားသည်။ တရားခံဖိုးအေးမှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် နှောကန်ရဲစခန်းမှ တရားခံအား အမြန်ဆုံးဖမ်းဆီးရမိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၀၈၆)

ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေး နှိုးဆော်ချက်

ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါအပါအဝင် ဝမ်းနှင့်ပတ်သက်သောရောဂါများသည် ရောဂါပိုး များပါဝင်သည့် ရေ၊ အစားအသောက်တို့ကို စားသောက်မိရာမှ ကူးစက်ပြန့်ပွားပါသည်။

ရေနှင့်အစားအသောက်များအတွင်းသို့ ရောဂါပိုးများသည် အောက်ပါအကြောင်းများကြောင့် ရောက်ရှိပါသည်-

(က) မသန့်ရှင်းသည့် လက်၊အိုး၊ ခွက်၊ ပန်းကန်တို့ဖြင့် အစားအစာများ ချက်ပြုတ်ပြင်ဆင်ခြင်း၊ စားသောက် ခြင်း။

(ခ) အစားအသောက်များသို့ ယင်အုံ၊ ယင်နားခြင်း။

(ဂ) မိုးရွာသောအခါများတွင် သောက်သုံးရေတွင်း၊ ရေကန်များအတွင်းသို့ မသန့်ရှင်းသောရေနှင့် အမှိုက်သရိုက်များ စီးဝင်ခြင်း။

(ဃ) သောက်သုံးရေတွင်း၊ ရေကန်များသည် အိမ်သာနှင့်နီးကပ်စွာတည်ရှိခြင်း၊ အိမ်သာထက်နိမ့်သော နေရာများတွင်ရှိခြင်း။

သို့ပါ၍ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်-

- ➢ ရေကို ကျိုချက်၍သောက်ပါ။
- ➢ ယင်နားစာများ မစားပါနှင့်။
- ➢ ယင်လုံအိမ်သာ အသုံးပြုပါ။
- ➢ အစားမစားမီနှင့် အိမ်သာမှအဆင်းတွင် လက်နှစ်ဖက်လုံးကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောပါ။
- ➢ တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ပါ။
- ➢ အမှိုက်သရိုက်များကို စနစ်တကျစွန့်ပစ်ပါ။

ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့၍ ကုသမှုခံယူကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

၁၉၈၈ ခုနှစ်နောက်ပိုင်း တည်ဆောက်ခဲ့သည့် ပေ ၁၈၀ အထက် ၂၂၂ စင်းမြောက်အဖြစ် ရွှေလီမြစ်ကူး ရွှေလီတံတား(နမ့်ခမ်း)ဖွင့်ပွဲ အခမ်းအနားကျင်းပ

မန္တလေး-လားရှိုး-နမ့်ခမ်း-ဗန်းမော် လမ်းကွန်ရက်၌ လမ်းပန်းဆက်သွယ်မှု ပိုမိုချောမွေ့လာမည်

နေပြည်တော် ဧပြီ ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၁၆)က တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် မန္တလေး-လားရှိုး-မူဆယ်-နမ့်ခမ်း-ဗန်းမော်လမ်း မိုင်တိုင်အမှတ်(၃၀၆/၆)ရှိ ရွှေလီမြစ်ကူး ရွှေလီတံတား(နမ့်ခမ်း)ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

တက်ရောက်

တံတားဖွင့်ပွဲအခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာနှင့် ပန်းဖွားအက အဖွဲ့ဝင်များ၊ မင်္ဂလာ စည်တော်အကအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၃ ●

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရွှေလီတံတား(နမ့်ခမ်း)တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစဉ်။ (ဆောက်လုပ်ရေး)

ထူးခြားသည့်နေ့အပူချိန်

(၂၈-၄-၂၀၀၉)

ချောက်	၄၁	ဒီဂရီစင်တီဂရိတ်
ကလေးဝ	၄၁	ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာမိုးရေချိန်

(၂၈-၄-၂၀၀၉)

သီပေါ	၃	ဒသမ ၂၇ လက်မ
နမ့်စန်	၁	ဒသမ ၅၄ လက်မ
မုဒုံ	၁	ဒသမ ၃၈ လက်မ
သထုံ	၀	ဒသမ ၇၉ လက်မ

ရွှေလီတံတား(နမ့်ခမ်း)။ (ဆောက်လုပ်ရေး)

29-4 (20).pmd 1 4/29/2009, 2:21 AM